ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁ ရက်၊ ကြာသပတေးနေ့၊ (2-7-2015) (၈၂၄၉)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမျိုးသားလုံခြုံရေးဆိုင်ရာပူးပေါင်းညှိနှိုင်းရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီး မစ္စတာ တိုချီဟန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမျိုးသားလုံခြုံရေးဆိုင်ရာပူးပေါင်းညှိနှိုင်းရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီး မစ္စတာ တိုချီဟန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# ဇွန်လအတွင်း မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ခွင့် ထပ်မံရရှိသော ပြည်တွင်းပြည်ပ ကုမ္ပဏီ ၁၃ ခုရှိ

**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားသော ပြည်တွင်းပြည်ပကုမ္ပဏီများ အနက် ဇွန်လနှောင်းပိုင်းအထိ ခွင့်ပြုမိန့် ထပ်မံရရှိသူ ပြည်တွင်းပြည်ပကုမ္ပဏီ ၁၃ ခုရှိကြောင်း မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ဇွန် ၃၀ ရက်က ထုတ်ဖော်ပြောကြားသည်။

ဇွန်လအစောပိုင်းက လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသော ပြည်တွင်းပြည်ပကုမ္ပဏီ ၁၅ ခုနှင့် ပေါင်းလိုက်ပါက ဇွန်လအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသော ပြည်တွင်းပြည်ပကုမ္ပဏီပေါင်းမှာ ၂၈ ခုရှိကြောင်း သိရသည်။

လုပ်ငန်းလုပ်ကိုင်ခွင့် ထပ်မံရရှိသော ကုမ္ပဏီများမှာ သစ်အချောကိုင်လုပ်ငန်း၊ အထည်အလိပ် လုပ်ငန်း၊ အိမ်သုတ်ဆေး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့❂

**ကံထူးရှင်များ**

ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၆) (၁၇)တွင် အောင်ဘာလေ ကံထူးရှင်များစာရင်း ပါရှိပါသည်။



**ပြည်တွင်းရေးရာ**

# အရည်အသွေးတိုးမြှင့်၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချခြင်းဖြင့် လူမှုစီးပွားပိုမိုတိုးတက်အောင်ဆောင်ရွက်

**ဘားအံ ဇူလိုင် ၁**

ကရင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဝင်ငွေတိုးတက်ရရှိစေရေးအတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၃၀ ရက် နံနက် ၉ နာရီခွဲက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းတို့ တက်ရောက်သည်။

အဆိုပါ တွေ့ဆုံညှိနှိုင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ကရင်ပြည်နယ်သည် စီးပွားရေးအရ အချက်အချာကောင်းသောနေရာတွင် ရှိနေပြီး နယ်စပ်ဖြတ်ကျော်ကုန်သွယ်လမ်းမကြီး ဖောက်လုပ်ပြီးစီးသွားပါက လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာနိုင်ကြောင်း၊ သို့ဖြစ်၍ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ အရည်အသွေးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကရင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဝင်ငွေ တိုးတက်ရရှိစေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်သည် အခြေခံကျပြီး ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို မြှင့်တင်သွားရမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍတွင် မိမိတို့၏ စားဝတ်နေရေးအတွက် လိုအပ်သောအသက်မွေးဝမ်းကျောင်း ပညာရပ်များကို အားပေးမြှင့်တင် ဆောင်ရွက်သွားစေလိုကြောင်း၊ ဒေသနှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်း ပညာရပ်များအပြင် လူ့စွမ်းအားအရင်းအမြစ်များကို အဟန့်အတားဖြစ်စေသော အမျိုးသားရေးစိန်ခေါ်မှုများဖြစ်သည့် မူးယစ်ဆေးဝါး၊ လောင်းကစား၊ ဆူပူမှုနှင့် အမှုအခင်းများ လျော့နည်းပပျောက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မတီ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများမှ မြို့နယ်အလိုက်ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး ဆက်လက်လုပ်ဆောင်သွားလိုသည့် ကိစ္စရပ်များနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

**☆ရွှေဖုံးမှ**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာရောဘတ်ချွာလည်း တက်ရောက်သည်။

**(သတင်းစဉ်)**

**❂ဇွန်လအတွင်းမှ**

ပလတ်စတစ်ထုတ်ကုန်ပစ္စည်းလုပ်ငန်း၊ ဆောက်လုပ်ရေးပစ္စည်းနှင့် ဘတ်စ်ကားတပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်သည့် ကုမ္ပဏီများဖြစ်သည်။

ဇွန် ၉ ရက်က ပြုလုပ်သော မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးမှ ခွင့်ပြုမိန့်ရ ဆောင်းနှင့်ချယ်ရီကုမ္ပဏီအနေဖြင့် သစ်အချောကိုင်စက်ရုံများ တည်ဆောက်မည်ဖြစ်ကာ Myanmar Brightex Veneer ကုမ္ပဏီက timber-processing စက်ရုံတည်ဆောက်မည်ဖြစ်သည်။ အထည်အလိပ်လုပ်ငန်းတွင် Musung Garment ကုမ္ပဏီ၊ Myanmar Knitting စက်ရုံကုမ္ပဏီ၊ Smooth World International (Myanmar) ကုမ္ပဏီနှင့် Myanmar High Choice ကုမ္ပဏီတို့ ပါဝင်ပြီး ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် အထည်စက်ရုံတည်ဆောက်ကာ လုပ်ငန်းလည်ပတ်ကြမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ စာရင်းအင်းအချက်အလက်များအရ မြန်မာနိုင်ငံသည် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်က အမေရိကန်ဒေါ်လာ ၈ ဘီလီယံရှိ ပြည်ပရင်းနှီးမြှုပ်နှံမှုရရှိခဲ့ပြီး လက်ရှိဘဏ္ဍာရေးနှစ်တွင် တိုက်ရိုက်ပြည်ပရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၆ ဘီလီယံ ရရှိမည်ဟု မျှော်လင့်ရကြောင်း ဆိုသည်။

**(ကျော်သဲအိမ်)**

**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း သံတွဲမြို့နယ် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားစဉ်။**



## သံတွဲမြို့နယ်ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**နေပြည်တော် ဇူလိုင် ၁**

ရေဘေးသင့် အိမ်ထောင်စုများသို့ ထောက်ပံ့ပစ္စည်းပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် သံတွဲမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ရေဘေးအန္တရာယ် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများ၊ ရွှေ့ပြောင်းနေရာချထားပေးမှုများ၊ အစားအစာ၊ ရေ၊ ဆေးဝါးများ ထောက်ပံ့ပေးမှု အခြေအနေများ၊ ရွှေ့ပြောင်းနေရာများမှ မူလနေရာများသို့ ပြန်လည်နေရာချထားမှု အခြေအနေများ၊ လမ်း၊ တံတား၊ နေအိမ်ပျက်စီးမှု အခြေအနေများအားရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ သံတွဲမြို့နယ် ရေဘေးသင့် အိမ်ထောင်စု ၁၀၆ စု၊ အမျိုးသား ၁၉၂ ဦး၊ အမျိုးသမီး ၂၂၇ ဦး၊ စုစုပေါင်း ၄၁၉ ဦးတို့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို အိမ်ထောင်စုတစ်စုခြင်းအလိုက် ပေးအပ်သည်။

ဆက်လက်၍ သံတွဲမြို့နယ် ရေဘေးသင့်နေရာများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သဘာဝရေဘေးအန္တရာယ်ကြောင့်ပျက်စီးခဲ့သည့် သံတွဲ-ဂွကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၁၀/၂၇) ပေ ၄၀ တံတား၊ မိုင်တိုင်အမှတ် (၁၀/၂၇) ပေ ၂၀ တံတား၊ မိုင်တိုင်အမှတ် (၈/၂၇) ပေ ၂၀ တံတားများ ပြန်လည်ပြုပြင်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံပြည်သူများ ပုံမှန်ပြန်လည်သွားလာနိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ပြီးစီးအောင် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




**ယာဉ်အသွားအလာထူထပ်ပြီး အန္တရာယ်ရှိသည့် ရန်ကုန်(ဆူးလေ) မီးပွိုင့်တွင် သတိပေးဆိုင်းဘုတ်ကို ဂရုမပြုဘဲ ညပိုင်းယာဉ်များအကြား လမ်းဖြတ်ကူးနေသူများကို တွေ့ရစဉ်။** (ဓာတ်ပုံ-ဖိုးခွား)

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှိုးဆော်

**ရွှေတောင် ဇူလိုင် ၁**

မိုးဦးကျကာလအတွင်း မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် ရွှေတောင်မြို့နယ်အတွင်း ဓာတ်အားလိုင်းကြိုးများလျော့ကျခြင်း၊ ပြုတ်ကျခြင်းများဖြစ်ပွားသည်ကို တွေ့ရှိပါက စောင့်ကြည့် သတိပေးနိုင်ရန်နှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ အချိန်မီ ဆက်သွယ်အကြောင်းကြားနိုင်ရန် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှိုးဆော်ချက်ဆိုင်းဘုတ်ကို ဇွန် ၃၀ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးဝေကို ဦးဆောင်သောဝန်ထမ်းများက ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက် ရန်ကုန်-ပြည်ကားလမ်းဘေး ကူကြီးဘုရားလမ်းထိပ်တွင် စိုက်ထူခဲ့ကြောင်းသိရသည်။

**(၁၄၃)**

## ဂျပန်-မဲခေါင် ထိပ်သီးဆွေးနွေးပွဲ၌ ဖွံ့ဖြိုးရေးမဟာဗျူဟာသစ် အတည်ပြုမည်

**တိုကျို ဇူလိုင် ၁**

ဂျပန်နှင့်မဲခေါင်မြစ်နှင့် ထိစပ်နေသော အရှေ့တောင်အာရှနိုင်ငံငါးနိုင်ငံတို့မှ ခေါင်းဆောင်များသည် မြို့တော်တိုကျို၌ ဇူလိုင် ၄ ရက်တွင် တွေ့ဆုံကြမည်ဖြစ်ပြီး မဲခေါင်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာသစ်ကို အတည်ပြုချမှတ်ကြမည်ဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကာလသက်တမ်း သုံးနှစ်ရှိဖွံ့ဖြိုးရေး မဟာဗျူဟာသစ်သည် ဒေသဆိုင်ရာနိုင်ငံများအတွင်း ချိတ်ဆက်မှုကို မြှင့်တင်ပေးကာ အရည်အသွေးရှိရှိ ရေရှည်စဉ်ဆက်မပြတ် တိုးတက်မှုကို ပေးစွမ်းမည်ဟု ဂျပန်နိုင်ငံက မျှော်လင့်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မေလတွင် ထောက်ခံပြောဆိုခဲ့သည့်အတိုင်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သို့ ဂျပန်အစိုးရက အကူအညီသစ်များပေးရန် ဖွံ့ဖြိုးရေးမဟာဗျူဟာသစ်တွင် ဖော်ပြထားသည်။ အာရှတိုက်တွင် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ဂျပန်အစိုးရက မျှော်မှန်းပြီး ငါးနှစ်တာကာလအတွင်း ဒေါ်လာ ဘီလီယံ ၁၁၀ အထိ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

လျင်မြန်စွာ တိုးတက်နေသော အာရှဒေသ၌ တရုတ်နိုင်ငံက စီးပွားရေးအရ ဩဇာအာဏာချဲ့ထွင်လာနေချိန်တွင် ဂျပန်နိုင်ငံက ယင်း၏ အဆင့်မြင့်နည်းပညာ၊ သဘာဝပတ်ဝန်းကျင်မပျက် စီးပွားရေးဖွံ့ဖြိုးမှုကို တည်ဆောက်သော နည်းလမ်းတို့ကို အသုံးပြု၍ ဒေသတွင်းနိုင်ငံများ၌ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်သည်။

ဝန်ကြီးချုပ် အာဘေး အစိုးရအဖွဲ့က မဲခေါင်ဒေသကို ဖွံ့ဖြိုးရေးဆိုင်ရာ ထိပ်တန်းဦးစားပေးဧရိယာအဖြစ် သတ်မှတ်ထားကြောင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအခြေခံမှုအရ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် လက်တွဲ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ကျိုဒို။**



## အီရန်နျူဆွေးနွေးပွဲ ဇူလိုင် ၇ ရက်အထိ ရက်တိုး

**ဗီယင်နာ ဇူလိုင် ၁**

အီရန်နှင့်ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံတို့သည် တီဟီရန်၏ နျူကလီးယား အစီအစဉ်အပေါ် ပြည့်စုံသော သဘောတူညီချက်ရရှိရန်အတွက် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ကျင်းပလျက်ရှိသော ၎င်းတို့၏ ဆွေးနွေးပွဲကို နောက်ရက်သတ္တတစ်ပတ်အထိ ရက်တိုးလိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။


သဘောတူထားသည့် နောက်ဆုံးသတ်မှတ်ရက်မှာ ဇွန် ၃၀ ရက်ဖြစ်သော်လည်း ဆွေးနွေးပွဲကာလကို ဇူလိုင် ၇ ရက်အထိ တိုးမြှင့်ရန် ကိုယ်စားလှယ်အဖွဲ့အားလုံးက သဘောတူခဲ့ကြသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ရောဗ်က သဘောတူညီမှုသည် လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေပြီဟု ပြောသည်။ သို့သော် အမေရိကန်သမ္မတ ဘာရက်အိုဘားမားက သဘောတူညီချက်မှာ ကျေနပ်ဖွယ်ရာမရှိခဲ့လျှင် ဆွေးနွေးပွဲရှေ့ဆက်ရဦးမည်ဖြစ်ကြောင်း ပြောခဲ့သည်။

အီရန်သမ္မတ ဟတ်ဆန်ရူဟာနီက အခြားတစ်ဖက်မှ သဘောတူညီမှုကို ချိုးဖောက်ခဲ့လျှင် ၎င်းတို့မှန်းဆထားသည်ထက် ပိုမိုပြင်းထန်သော လမ်းဟောင်းသို့ ပြန်သွားမည်ဟု သတိပေးခဲ့သည်။

အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ပြင်သစ်၊ တရုတ်၊ ရုရှား အင်အားကြီးငါးနိုင်ငံနှင့်ဂျာမနီတို့သည် နျူကလီးယားလက်နက်ထုတ်လုပ်နိုင်စွမ်းမရှိစေရန် အာမခံမည့် နျူကလီးယားလျှော့ချမှုများကိုသာ အီရန်အား လုပ်ဆောင်စေရန် အလိုရှိကြသည်။

စီးပွားရေး ချည့်နဲ့စေသော နိုင်ငံတကာ စီးပွားရေးအရေးယူဒဏ်ခတ်မှုကို ရုပ်သိမ်းပေးရန်အတွက် နျူကလီးယားအစီအစဉ်နှင့် အပေးအယူ ပြုလုပ်သည့် အီရန်က ၎င်း၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းစွာ အသုံးပြုရန်ဖြစ်သည်ဟု အခိုင်အမာပြောဆိုလျက်ရှိသည်။ **ရိုက်တာ။**



## အိန္ဒိယတွင် မြေပြို၊ လူ ၃၀ ထက်မနည်း သေဆုံး

**ဒါဂျီလင် ဇူလိုင် ၁**

အိန္ဒိယနိုင်ငံ၏ လက်ဖက်စိုက်ပျိုးသော ဒါဂျီလင်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် မြေပြိုမှုဖြစ်ပွားရာ အနည်းဆုံး လူ ၃၀ သေဆုံးကြောင်း ရဲတပ်ဖွဲ့က ယနေ့ပြောကြားခဲ့သည်။

အနောက်ဘင်္ဂလားပြည်နယ်ရှိ မီရစ်၊ ကာလင်ပေါင်နှင့် ဒါဂျီလင်မြို့များ၌ နေအိမ်များကို ရွှံ့ညွန်များ ဖုံးအုပ်သွားခဲ့ရာ ကယ်ဆယ်ရေးသမားများက ရွှံ့ညွန်များ၊ အပျက်အစီးများကို တူးဆွလျက် အသက်ရှင်သူများကို ရှာဖွေလျက်ရှိသည်ဟု တာဝန်ရှိသူများက ပြောသည်။

ရွှံ့ညွန်နှင့် အပျက်အစီးပုံများအောက်၌ ပိတ်မိလျက်ရှိသည့် လူများမှာ သေဆုံးသွားဖွယ်ရာ ရှိသည်ဟု ယူဆရသည်။

လမ်းများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများမှာလည်း ပျက်စီးသွားခဲ့သည်ဟု တာဝန်ရှိသူများက ပြောသည်။

**ရိုက်တာ။**

## ဟွန်ဒူးရပ်စ်က လွှတ်တော်ဒုတိယဥက္ကဋ္ဌအား ဖမ်းဝရမ်းထုတ်

**တီဂူဆီဂယ်လ်ပါ ဇူလိုင် ၁**

ဟွန်ဒူးရပ်စ်အာဏာပိုင်များက ဖက်ဒရယ်ဥပဒေပြုအမတ်နှင့် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ လီနာဂူတီယာရက်ဇ်နှင့် အခြား ၁၅ ဦးအား ကျန်းမာရေးဝန်ကြီးဌာနထံမှ လိမ်လည်၍ ငွေကြေးများ ယူသည်ဟူသော စွဲချက်ဖြင့် ဖမ်းဝရမ်းထုတ်ထားကြောင်း နိုင်ငံတော်တရားရုံးချုပ်မှ အကြီးအကဲတစ်ဦးက ဇွန် ၃၀ ရက်တွင် ပြောကြားသည်။

အစိုးရရှေ့နေများရုံးက ဂူတီယာရက်ဇ်နှင့် ၎င်း၏ မိသားစုဝင်သုံးဦးအပါအဝင် အခြားသူများအား လိမ်လည်မှု၊ အများပြည်သူကျန်းမာရေးနှင့် ပတ်သက်သောရာဇဝတ်မှုများကျူးလွန်မှုနှင့် စာရွက်စာတမ်းများ အတုပြုလုပ်မှုတို့ဖြင့် ပြီးခဲ့သည့် ရက်သတ္တပတ်က စွဲချက်တင်ထားကြောင်းသိရသည်။ ဖမ်းဝရမ်းထုတ်လိုက်ခြင်းသည် ၎င်းတို့အား စစ်ဆေးမှုများပြုလုပ်နေစဉ်အတွင်း ပြည်ပသို့ထွက်ခွာခြင်းမှ တားမြစ်နိုင်ရန်အတွက်ဖြစ်ကြောင်း နိုင်ငံတော်တရားရုံးချုပ်မှအကြီးအကဲ ဂျော့ချ်ရီဗယ်ရာက ပြောကြားသည်။

ဂူတီယာရက်ဇ်၏မိသားစုက ကျန်းမာရေးဝန်ကြီးဌာနသို့ ဆေးဝါးအတုများ တင်သွင်းမှုဖြင့် စွပ်စွဲထားသော ဆေးဝါးကုမ္ပဏီနှင့် ပတ်သက်ဆက်နွှယ်မှုမရှိကြောင်း ငြင်းဆိုထားသည်။ အဆိုပါ ဖမ်းဝရမ်းထုတ်လိုက်ခြင်းသည် ၂၀၁၃ခုနှစ် သမ္မတရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအတွက် အကျင့်ပျက်ခြစားမှုအရှုပ်တော်ပုံများနှင့် ဆက်နွှယ်နေသော ကုမ္ပဏီများထံမှ ငွေကြေးများရယူခဲ့သည်ဟု ဝန်ခံခဲ့သည့် သမ္မတ ဂျူယန်ဟာနန်ဒက်ဇ်အား ရာထူးမှနုတ်ထွက်ပေးရန် ဆန္ဒပြမှုများ ဖြစ်ပေါ်နေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ **ရိုက်တာ။**

## အင်ဒိုနီးရှားလေယာဉ်ပျက်ကျမှု သေဆုံးသူ ၁၄၁ ဦးထိရှိ

**ဂျကာတာ ဇူလိုင် ၁**

အင်ဒိုနီးရှားနိုင်ငံ၏ မီဒန်မြို့လူနေရပ်ကွက်အတွင်းသို့ စီ-၁၃၀ သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်း ပျက်ကျခဲ့မှုဖြစ်စဉ်၏ သေဆုံးမှုနှုန်းမှာ ယနေ့အချိန်ထိ သေဆုံးသူပေါင်း ၁၄၁ ဦးထိရှိလာခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းများအရ သိရသည်။

ဖြစ်စဉ်မှာ စက်ပိုင်းဆိုင်ရာချွတ်ယွင်းချက်ကြောင့် လေယာဉ်ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း လေတပ်ဗိုလ်ချုပ် ဆူပရီရာနာက အတည်ပြုပြောကြားခဲ့သည်။ "လေယာဉ်က အင်ဂျင်ချွတ်ယွင်းချက်ကြောင့် လေဆိပ်ကို ပြန်လှည့်နေခိုက်မှာပဲ ပျက်ကျသွားခဲ့တာပါ" ဟု ယင်းကဆိုသည်။ ၂၀၀၇-၂၀၀၉ ခုနှစ်များတွင် အင်ဒိုနီးရှားနိုင်ငံ၏ လေကြောင်းလိုင်းများအား လုံခြုံဘေးကင်းမှုမရှိသဖြင့် ဥရောပနိုင်ငံများသို့ ပြေးဆွဲပျံသန်းခွင့်ကို ဥရောပသမဂ္ဂက ပိတ်ဆို့ထားခဲ့ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သော ဒီဇင်ဘာက ဆူမတြားပြည်နယ်မှ စင်ကာပူနိုင်ငံသို့ ပြေးဆွဲပျံသန်းနေသည့် ခရီးသည် ၁၆၂ ဦးလိုက်ပါစီးနင်းခဲ့သော အဲအေရှလေယာဉ်တစ်စင်း ဂျာဗားကျွန်းပေါ်သို့ ပျက်ကျခဲ့သည်။ **ဆင်ဟွာ။**



# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

## သင်ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါနှင့်
## မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။

## ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း

### ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည် )

ပင်စင်အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်း
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၆ ခုနှစ်၊ လ ရက်
(၂၀၁၄ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပင်စင်အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။
၂။ ပင်စင်အက်ဥပဒေ(The Pensions Act) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း

### ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည် )

အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း
(၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၇ ခုနှစ်၊ လ ရက်
(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။
၂။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(စ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-
"(စ)**ဝန်ကြီးဌာန**ဆိုသည်မှာပြည်ထောင်စုအစိုးရဘဏ္ဍာရေးဝန်ကြီးဌာနကိုဆိုသည်"
၃။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၇)တွင် ပါရှိသော"မြန်မာ့အာမခံမှ အရာရှိ ၁ ဦး" ဆိုသည့်စကားရပ်ကို "ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အရာရှိ ၁ ဦး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
၄။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၆တွင် ပါရှိသော "မြန်မာ့အာမခံ"ဆိုသည့် စကားရပ်ကို "ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
၅။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၅ ကိုပယ်ဖျက်ရမည်။

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် **စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကြည်က အသိပညာပေးဟောပြောခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

အလားတူ ဟောပြောပွဲများကို ဗဟန်းမြို့နယ်အတွင်းရှိ အထက၊ အလကနှင့် အမကကျောင်းများတွင် ဟောပြောဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**သန္တာမေ(IPRD)**




## သုတေသနလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် ဇူလိုင် ၁**

သုတေသနလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆွေးနွေးပြောကြားရာတွင် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွား တိုးတက်ရေးဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍအလိုက် သုတေသနပြုသည့် လုပ်ငန်းများသည် များစွာအရေးပါသဖြင့် အားပေးမြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းကဏ္ဍအသီးသီးတွင် လိုအပ်သည့် စူးစမ်းလေ့လာသုတေသနပြုမှုများကို ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံတကာအဖွဲ့အစည်းများထံမှ နည်းပညာကျွမ်းကျင်သူ အကူအညီဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး သုတေသနပြုမှု၊ နည်းပညာလေ့လာသုံးသပ်မှုများ လက်တွဲဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ သုတေသနလုပ်ငန်းများကို အစိုးရ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ တက္ကသိုလ်များအပါအဝင် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သိပ္ပံနှင့် နည်းပညာသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကော်မတီများကို ဘာသာရပ်နယ်ပယ်များအလိုက် သုတေသနဌာနများ၊ တက္ကသိုလ်များ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ လက်ရှိဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ သုတေသနဆောင်ရွက်နေသော သက်ဆိုင်ရာဦးစီးဌာနများနှင့် ဝန်ကြီးဌာနများ၊ တက်ရောက်လာကြသူများနှင့် ပြည်ထောင်စုဝန်ကြီးတို့က ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီး၊ ကာယ(၁၂)လမ်း၊ အမှတ်(၄/၃၆၁)တွင် ပါတီရုံးချုပ်တည်ရှိသော **စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁-၇-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။
၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ၏ အလံပုံစံ**



**စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ပြည်တွင်းရေးရာ

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ အမျိုးသားလုံခြုံရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးနှင့် ပြည်ထဲရေးဝန်ကြီး မစ္စတာ တိုချီဟန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်မှုအခြေအနေများ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးဆွေးနွေးနေမှုအခြေအနေများ၊ နည်းပညာနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးကိုကိုနိုင်၊ ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာရောဘတ်ချွာလည်း တက်ရောက်သည်။

စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ (၆၆)ရက်မြောက်နေ့ အစည်းအဝေးကျင်းပနေမှုကို လေ့လာကြည့်ရှုကြသည်။

**(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြင်ဆင်သင့်သည့်ဥပဒေများကို လွှတ်တော်ကိုယ်စားလှယ်အားလုံးက တူညီသောဆန္ဒဖြင့် ဆောင်ရွက်ကြရန် လိုအပ်

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ)ကို ပြင်ဆင်နိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး**နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းပြောကြားသည်။



လွှတ်တော်နာယက က ရှင်းလင်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်တွင် ပါဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ ၆ ခုနှင့်သက်ဆိုင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းကျော်က လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပါကြောင်း။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ရာ ပြင်ဆင်ရန်တင်သွင်းသည့် ပုဒ်မ၊ ပုဒ်မခွဲ ၆ ခုအနက်မှ ပုဒ်မ ၅၉(ဃ)ကို ထောက်ခံဆန္ဒမဲ ၅၅၆ မဲဖြင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန်သဘောတူညီသည့်အတွက် ပြင်ဆင်နိုင်ရေးဆက်လက်ဆောင်ရွက်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ဥပဒေသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ) ပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်ရာတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ သီးခြားလုပ်မည်ဆိုပါက အချိန်၊ လုပ်အား၊ ဘဏ္ဍာငွေအားလုံး ထပ်မံလိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ)ပြင်ဆင်နိုင်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ယခုနှစ်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပူးတွဲပြုလုပ်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံသို့ အကြောင်းကြားစာပေးပို့၍ အဆိုပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြရာ **မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး**က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်တို့ကို တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်ပြီး ခန့်အပ်ရမည်ဆိုသည်ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်စံဦး**က သမ္မတဦးဆောင်သော ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံများတွင် အစိုးရအဖွဲ့ ဖွဲ့စည်းရေးသည် နိုင်ငံတော်သမ္မတ၏တာဝန်ဖြစ်ပြီး အစိုးရအဖွဲ့တွင် ပါဝင်မည့် ဝန်ကြီးများကို သင့်လျော်သောပုဂ္ဂိုလ်များအား ရွေးချယ်ခန့်ထားခွင့်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် လိုအပ်လျှင် သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရင့်ကျက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များအား ရွေးချယ်ခန့်အပ်တာဝန်ပေးနိုင်သော အခွင့်အလမ်းရရှိရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီးတစ်ဦးအနေဖြင့် ယခင်က နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်ခဲ့သော်လည်း ဝန်ကြီးတစ်ဦးဖြစ်လာသည့် နေ့မှစ၍ ဝန်ကြီးဌာနလုပ်ငန်းတာဝန်များကို ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ပါက မိမိဝန်ကြီးဌာနရှိ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးနှင့် ဆက်နွှယ်လာနိုင်ပါကြောင်း ဆွေးနွေးသည်။

**ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ**က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ရွေးကောက်တင်မြှောက်ထားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုပါဝင်သည့် ကော်မတီအသီးသီးကို ပြည်ထောင်စုအဆင့်အဖြစ် သတ်မှတ်ပေးသင့်ပါကြောင်း၊ သို့မှသာ အချို့ကိစ္စများကို အဆင့်နှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူလူထု လိုလားနှစ်သက်မှသာ အကျိုးသက်ရောက်မည်ဖြစ်ပြီး ပြည်သူက လေးစားလိုက်နာမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုမရှိပါက မည်သည့်အစိုးရမျှ လုပ်ငန်းများအောင်မြင်မည်မဟုတ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည် တပ်မတော်နှင့်ပြည်သူအကြား ယုံကြည်မှုတည်ဆောက်ရန် အခွင့်အလမ်းကြီး ဖြစ်နေပါကြောင်း၊ ပြည်သူချစ်ခင်လေးစားရသည့် တပ်မတော်ဖြစ်ရန် အခြေအနေကောင်းများ ရှိနေပြီဖြစ်သည့်အတွက် ပြင်ဆင်သင့်ပြင်ဆင်ထိုက်သည်များကို တိုင်းပြည်နှင့် ပြည်သူအကျိုးအတွက် ဒီမိုကရေစီယဉ်ကျေးမှုနှင့်အညီ ပြုပြင်ပြောင်းလဲကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

**သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်**က အခြေခံဥပဒေကို ပြင်ဆင်ရာတွင် တိုင်းရင်းသား ပြည်သူများလိုလားနေသည့် ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်နိုင်သည့် အခင်းအကျင်းဖြစ်အောင် ပြင်ဆင်ပေးခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး အခြေခံဖြစ်သည့် ဗဟိုချုပ်ကိုင်မှုနည်းပြီး အာဏာခွဲဝေမှုများအတွက် ပြင်ဆင်ပေးခြင်း၊ တိုင်းရင်းသားများ ဆန္ဒပြုနေသည့် နိုင်ငံရေးတန်းတူမှုဖြစ်အောင် ပြင်ဆင်ပေးခြင်းများ ပြုလုပ်သင့်ပါကြောင်း၊ သို့မှသာ ပြည်သူများတောင့်တနေသည့် ပြည်တွင်းပဋိပက္ခများ ရပ်စဲနိုင်ပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ ရနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်**က အခြေခံဥပဒေကို အားလုံးက စောင့်ထိန်းလိုက်နာရန် တာဝန်ရှိပါကြောင်း၊ ထိုဥပဒေသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးမရှိ အဟန့်အတားဖြစ်နေမည်ဆိုပါက နိုင်ငံသားများ၏ အကျိုးကိုဦးစားပေး၍ ပြင်ဆင်သင့်သည့်ဥပဒေများကို လွှတ်တော်ကိုယ်စားလှယ်အားလုံးက တူညီသောဆန္ဒဖြင့် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဖြေလျှော့ပေးရန် လိုအပ်သည့်ဥပဒေများကို ဖြေလျှော့ပေးရန်လိုအပ်ပြီး တိုးမြှင့်ပေးရန်လိုသည့် ဥပဒေများကို တိုးမြှင့်ပေးရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေမူကြမ်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦးတို့ကလည်း အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်များ ထုတ်ပေးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်များကို ရုံးချိန်အတွင်း ထုတ်ပေးလျက်ရှိသည်။

အဆိုပါလျှောက်လွှာကို www.moemyanmar.net တွင် ရယူဖြည့်စွက်ကာ ရုံးအမှတ်(၅၂) မြန်မာနိုင်ငံစာစစ်ဦးစီးဌာန နေပြည်တော်နှင့် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)တို့တွင် လျှောက်ထားနိုင်သည်။

အောင်လက်မှတ်လျှောက်ထားရာတွင် ပညာရေးတံဆိပ်ခေါင်း ငွေကျပ် ၄၀၀ တန်၊ သပ်ရပ်စွာဝတ်ဆင်ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ (သို့မဟုတ်)သန်းခေါင်စာရင်းမိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားဆဲဖြစ်ပါက ရပ်ကွက်ထောက်ခံစာတို့ လိုအပ်သည်။ အောင်လက်မှတ်ကို ကိုယ်တိုင်လာရောက်မထုတ်ယူနိုင်သော ကျောင်းသား ကျောင်းသူများသည် ကာယကံရှင်နှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့ ပူးတွဲထည့်သွင်းလျှောက်ထားရမည်ဖြစ်သည်။

အောင်လက်မှတ်ထုတ်ယူရာတွင် ကိုယ်စားထုတ်ယူမည့်သူများအနေဖြင့် လျှောက်ထားသူနှင့် ကိုယ်စားလှယ်တို့၏ မှတ်ပုံတင်မိတ္တူ၊ ကိုယ်စားလှယ်လွှဲစာနှင့် လျှောက်လွှာလက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းတို့ကို ယူဆောင်လာရမည်ဖြစ်ပြီး ကိုယ်တိုင်လာရောက်ထုတ်ယူသူများအနေဖြင့် လျှောက်လွှာ လက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းကို ယူဆောင်လာရမည်ဖြစ်သည်။

**(ပညာရေး)**



# ကုန်းတွင်းပိတ်နိုင်ငံကရှိသည့်သယံဇာတကို တန်ဖိုးမြင့်ထုတ်ကုန် ထုတ်ရောင်း မဖြစ်မနေလိုအပ်သည့် စားစရာနှင့်ပစ္စည်း ပြည်ပမှတင်သွင်းရပ်တည်

တွေ့ဆုံမေးမြန်း-ရာမည
ဓာတ်ပုံ-ဟိန်းထက်

၁၉၅၆ ခုနှစ်က မြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ခဲ့သည့်နောက်ပိုင်း မွန်ဂိုလီးယားသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ်ဇတ်ဟီးလ်ယာဒ်သည် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ၂၁ ရက်ထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်ခဲ့ပြီး နိုင်ငံတော်သမ္မတကြီးအား မွန်ဂိုလီးယားနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခဲ့သည့်အတွက် နိုင်ငံတော်သမ္မတကြီးဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မွန်ဂိုလီးယားနိုင်ငံသို့ ပထမဆုံးချစ်ကြည်ရေးခရီးစဉ်အဖြစ် ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ သွားရောက်ခဲ့သည်။ အဆိုပါခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား ဒီမိုကရေစီရွေးကောက်ပွဲကျင်းပခြင်း အတွေ့အကြုံများကို ဖလှယ်သွားရန်နှင့် မွန်ဂိုလီးယားနိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ မြန်မာနိုင်ငံသို့စေလွှတ်ရန် နှစ်ဖက်သက်ဆိုင်ရာတာဝန်ရှိသူများအကြား ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ၊ သတင်းအချက်အလက်နှင့် ကျွမ်းကျင်သူများဖလှယ်ရေး၊ ကုန်သွယ်ရေး၊ သတ္တုကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလာရေးကဏ္ဍ၊ ယဉ်ကျေးမှုနှင့် စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝသယံဇာတများကို သင့်လျော်စွာ အသုံးချရေး၊ ဥပဒေရေးရာဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဘူမိဗေဒဆိုင်ရာ တူးဖော်မှုတွင် ကျွမ်းကျင်မှုဖလှယ်ရေးနှင့် အရင်းအမြစ်တူးဖော်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေးလုပ်ငန်းစဉ်(EITI)မူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်သွားရေး စသည့် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများကို သဘောတူညီခဲ့ကြကြောင်း သိရသည်။ သို့ဖြစ်ခြင်းကြောင့် နိုင်ငံတော်သမ္မတကြီးနှင့်အတူ ခရီးစဉ်အတွင်း လိုက်ပါခဲ့ကြသူများ၏ ခရီးစဉ်အပေါ် သဘောထား မှတ်ချက်ပြုသည်များကို ကောက်နုတ်ဖော်ပြလိုက်ရပါသည်။

**ဦးဝဏ္ဏမောင်လွင်**
**(ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**

ဒီခရီးစဉ်နဲ့ပတ်သက်ပြီးပြောရမယ်ဆိုရင် ၁၉၅၆ ခုနှစ်က မြန်မာနဲ့ မွန်ဂိုလီးယားနိုင်ငံတို့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ပြီးတဲ့နောက်ပိုင်း နိုင်ငံတော်သမ္မတကြီးရဲ့ ပထမဆုံးခရီးစဉ်ဖြစ်ပါတယ်။ နောက်နှစ်ဆိုရင် နှစ်နိုင်ငံသံတမန်ဆက်ဆံမှုဟာ နှစ်ပေါင်း(၆၀) ပြည့်ပြီဖြစ်ပါတယ်။ မွန်ဂိုလီးယားသမ္မတက ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်ခဲ့ပြီး နိုင်ငံတော်သမ္မတကြီးကို သူတို့ဆီလာရောက်လည်ပတ်ဖို့ ဖိတ်ခေါ်ခဲ့တဲ့အတွက် နိုင်ငံတော်သမ္မတကြီးအနေနဲ့ အခုလို မွန်ဂိုလီးယားနိုင်ငံကို ချစ်ကြည်ရေးခရီးသွားရောက်ခြင်းဖြစ်ပါတယ်။ ဒီခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုတွေကို ဒီထက်ပိုပြီးတော့ တိုးတက်အောင်မြင်အောင်ဆောင်ရွက်ဖို့ ရည်ရွယ်ပါတယ်။ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်ဖို့အတွက် လက်မှတ်ရေးထိုးခဲ့ပါတယ်။ အလားတူ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများအသင်းနဲ့ မွန်ဂိုလီးယားကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများအသင်းတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

အဲဒီအတွက်ကြောင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်းတွေမှာ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့တွေ ရှိလာပါတယ်။ နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးမှာလည်း ပုဂ္ဂလိကကဏ္ဍအနေနဲ့ တိုးတက်လုပ်ဆောင်ဖို့ရှိလာပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံပြည်သူချင်းလည်း ဆက်သွယ်မှု၊ ခရီးသွားလာမှုလုပ်ငန်းတွေလည်း လုပ်ဆောင်လာဖို့ရှိလာပါတယ်။ မွန်ဂိုလီးယားနိုင်ငံအနေနဲ့ ၁၉၉၀ ခုနှစ်ကစပြီး ဒီမိုကရေစီစနစ်ကို ပထမဆုံး စတင်ကူးပြောင်းလာတဲ့အခါမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဟာလည်း ခုဆိုအတော်လေးခရီးရောက်လာပြီဖြစ်ပါတယ်။

တစ်ချိန်တစ်ခါက သူတို့မှာ ဘာသာရေးနဲ့ပတ်သက်တဲ့ လွတ်လပ်စွာကိုးကွယ်ခွင့်မရခဲ့တဲ့ အချိန်အတိုင်းအတာတစ်ခု ရှိခဲ့ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေက အများစုဖြစ်တဲ့အတွက်ကြောင့် ဗုဒ္ဓဘာသာရဲ့စစ်မှန်တဲ့တရားတွေကို သိရှိလာကြတယ်။ သမ္မတကြီးအနေနဲ့ Choijamts ဘုန်းတော်ကြီးကို သွားရောက် ဂါရဝပြုတွေ့ဆုံတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ ဗုဒ္ဓသာသနာထွန်းကားနေမှုတွေကို လာရောက်လေ့လာလိုပါတယ်၊ ဆည်းပူးလိုပါတယ်၊ အပြန်အလှန်ခရီးသွားလုပ်ငန်းတွေ ဆောင်ရွက်လိုပါတယ်လို့ဆိုပါတယ်။ ယဉ်ကျေးမှုချင်း အဆင်တူသော်လည်း တစ်ယောက်နဲ့တစ်ယောက် အလှမ်းကွာဝေးနေတဲ့ နိုင်ငံနှစ်နိုင်ငံဖြစ်လို့ မြန်မာဘက်ကဖြစ်စေ၊ မွန်ဂိုလီးယားဘက်ကဖြစ်စေ အပြန်အလှန်သွားလာလည်ပတ်ကြမယ်ဆိုရင် နှစ်နိုင်ငံပြည်သူချင်း ရင်းနှီးမှု၊ ယဉ်ကျေးမှုချင်းဖလှယ်နိုင်မှုတွေ ရရှိမှာဖြစ်ပါတယ်။

အလားတူပဲ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဆိုရင်လည်း မွန်ဂိုလီးယားနိုင်ငံဟာ အင်အားကြီးနှစ်နိုင်ငံကြားမှာ တည်ရှိနေတဲ့ ကုန်းတွင်းပိတ်နိုင်ငံဖြစ်လို့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတွေကို မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ဆန္ဒရှိနေပါတယ်။ ပူးပေါင်းဆောင်ရွက်မယ့် အလားအလာတွေလည်း တွေ့နေရပါတယ်။ ဒီခရီးစဉ်ရဲ့ရလဒ်အနေနဲ့ကတော့ ရှေ့အနာဂတ်ကာလမှာ မြန်မာနဲ့ မွန်ဂိုလီးယားနိုင်ငံတို့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတွေတိုးတက်အောင်ဆောင်ရွက်မယ်ဆိုရင် ပြည်သူချင်းထိတွေ့မှု ပိုမိုများပြားလာစေမှာပါ။ နောက်ပြီး နှစ်နိုင်ငံက ယဉ်ကျေးမှုအခြေခံချင်းလည်း သိပ်ပြီးခြားနားမှုမရှိလို့ ဒီထက်ပိုပြီးတော့ ကောင်းမွန်တဲ့ဆက်ဆံရေးတွေ ထူထောင်နိုင်မယ်လို့ထင်ပါတယ်။ အဲဒီအတွက် သမ္မတကြီးရဲ့ ဒီခရီးစဉ်ဟာ အောင်မြင်တဲ့ ခရီးစဉ်တစ်ခုလို့ပြောနိုင်ပါတယ်။

နှစ်နိုင်ငံ လေကြောင်းပူးပေါင်းဆောင်ရွက်မှုနဲ့ တိုက်ရိုက်လေကြောင်းခရီးစဉ်ပြေးဆွဲမှုတွေအတွက် (Air Service Agreement)ဆိုတဲ့ သဘောတူညီချက်တစ်ခုကို နှစ်ဖက်ညှိနှိုင်းနေတဲ့အနေအထားရှိပါတယ်။ နှစ်ဖက်သဘောတူပြီးသွားရင်တော့ ဒီခရီးစဉ်တွေဖြစ်လာမှာပါ။ တကယ်တော့ နှစ်နိုင်ငံတိုက်ရိုက်လေကြောင်းခရီးစဉ်ဆိုရင် ပျံသန်းချိန်က ငါးနာရီ၊ ငါးနာရီခွဲလောက်ပဲ ရှိတဲ့အတွက် သွားလာလို့လွယ်ကူတဲ့အနေအထားရှိတယ်လို့ပြောလို့ရပါတယ်။



**ဦးဝဏ္ဏမောင်လွင်**
**(ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**



**ဦးအေးလွင်**
**(တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ကုန်သည်/စက်မှုအသင်းချုပ်)**

ဒီအတွက် တိုက်ရိုက်လေကြောင်းခရီးစဉ်တွေဖြစ်လာမယ်ဆိုလို့ရှိရင် နှစ်နိုင်ငံထိတွေ့မှုတွေလည်း ဒီထက်ပိုပြီးတော့များပြားကောင်းမွန်လာမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်ကတော့ သံတမန်နဲ့ Official ပတ်စ်ပို့ဆိုရင် နှစ်နိုင်ငံ ဗီဇာကင်းလွတ်ခွင့်နဲ့ သွားလာမှုသဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက် သံတမန်နဲ့ Official ပတ်စ်ပို့ဆိုရင် ဗီဇာကင်းလွတ်ခွင့်နဲ့ သွားလာနိုင်ပါပြီ။ တစ်ချိန်ချိန်မှာ ဒီထက်ပိုပြီး ထိတွေ့ဆက်ဆံမှုတွေ များပြားလာမယ်ဆိုရင်တော့ သာမန်ပတ်စ်ပို့တွေလည်း ဗီဇာကင်းလွတ်ခွင့်ရလာမယ်လို့ ထင်ပါတယ်။

**ဦးအေးလွင်**
**(တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ကုန်သည်/စက်မှုအသင်းချုပ်)**

ဒီခရီးစဉ်ကတော့ ချစ်ကြည်ရေးခရီးစဉ်တစ်ခုဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်ပါဝင်ပြီး ကုန်သည်/စက်မှုအသင်းမှ ကိုယ်စားလှယ်များလည်းလိုက်ပါခွင့်ရတဲ့အတွက် လိုက်ပါရခြင်းဖြစ်ပါတယ်။ မွန်ဂိုလီးယားနိုင်ငံအကြောင်းပြောရမယ်ဆိုလို့ရှိရင် သူတို့နိုင်ငံက တရုတ်နဲ့ ရုရှား နိုင်ငံကြီးနှစ်ခုကြားမှာ တည်ရှိနေတဲ့ ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်ပြီး ရာသီဥတုကလည်း ဆိုးရွားတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့်သူတို့ဟာ ဆိုရှယ်လစ်စနစ်ထိ ပြုပြင်ပြောင်းလဲမှုတွေလုပ်သွားတာကို ကျွန်တော်တို့နိုင်ငံအနေနဲ့ အတွေ့အကြုံကောင်းတွေ ရယူနိုင်ပါတယ်။ အဲဒါက နိုင်ငံရေးနဲ့ ပတ်သက်လို့ပေါ့။ ဒီမိုကရေစီရေးအရ ကြည့်မယ်ဆိုလို့ရှိရင် ၁၉၉၀ ပြည့်နှစ် ကွန်မြူနစ်စနစ်မှာ သူတို့ဟာ တစ်တိုင်းပြည်လုံးအတိုင်းအတာအားဖြင့် ကားအစီးရေ ၄၀၀၀ လောက်ပဲရှိတယ်။ အခုဆိုရင် တစ်တိုင်းပြည်လုံးမှာ ကားအစီးရေ ၄၀၀၀၀ လောက်ရှိလာပြီ။ နောက်ပြီး စီးပွားရေးကလည်း ဖွံ့ဖြိုးတိုးတက်လာတယ်။ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ပြုပြင်ပြောင်းလဲရေးတွေလုပ်လာတယ်။ အဓိကအားဖြင့် ပညာရေးနဲ့ ကျန်းမာရေးကို အသားပေးလုပ်ဆောင်တာတွေ့ရတယ်။

စီးပွားရေးဘက်ကိုကြည့်မယ်ဆိုရင် သူတို့မှာ သယံဇာတအရင်းအမြစ်ကြွယ်ဝတယ်။ ဓာတ်သတ္တုပါ။ နောက်ပြီးသူတို့မှာ တောရိုင်းတိရစ္ဆာန်တွေပေါတယ်။ အဲဒီတောရိုင်းတိရစ္ဆာန်တွေရဲ့ထွက်ကုန်ဖြစ်တဲ့ သားရေလုပ်ငန်းကို အဓိကဖွံ့ဖြိုးတိုးတက်အောင်လုပ်လိုက်တယ်။ နောက်ပြီး အသားတွေကို ပြည်ပတင်ပို့တယ်။ ဒါပေမယ့် သူတို့ရဲ့ အားနည်းချက်က ဆန်စပါး၊ ကောက်ပဲသီးနှံ၊ သစ်သီးဝလံတွေ စိုက်ပျိုးလို့မရဘူး။ သူတို့နေ့စဉ်စားသောက်ဖို့အတွက် ဆန်ကအစ ကန်စွန်းရွက်အဆုံး သစ်သီးဝလံအားလုံးကို နိုင်ငံခြားကတင်သွင်းရတယ်။ ၂၀၁၃ ခုနှစ်အထိ သူတို့နိုင်ငံရဲ့ စီးပွားရေးဟာ အနုတ်လက္ခဏာပြနေသေးတယ်။ ဒါပေမယ့် ပြုပြင်ပြောင်းလဲမှုတွေကြောင့် ဒီဘက် ၂၀၁၄ အကျော်မှာ စီးပွားရေးဟာ အပေါင်းလက္ခဏာပြလာတယ်။

သူတို့နိုင်ငံမှာ အသက်အပိုင်းအခြားအလိုက် လူငယ်၊ လူလတ်၊ လူကြီးမရွေး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိကြတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့အတွက်လည်း စိတ်အားထက်သန်ကြတာတွေ့ရတယ်။ ဒါကို ကျွန်တော်တို့နိုင်ငံနဲ့ယှဉ်ပြီး ပြန်စဉ်းစားရမယ်။ ကျွန်တော်တို့နိုင်ငံဟာလည်း အင်အားကြီးနိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံကြားမှာရှိတယ်။ ကျွန်တော်တို့ရဲ့အားသာချက်က ပင်လယ်ဆိပ်ကမ်းတွေရှိတယ်။ ရာသီဥတုကလည်း သူတို့ထက်ကောင်းမွန်တယ်။ စိုက်ပျိုးရေးလည်း ကောင်းကောင်းလုပ်လို့ရတယ်။ သူတို့လိုပဲသယံဇာတပေါတယ်။ မွေးမြူရေးလည်းလုပ်လို့ရတယ်။ သူတို့ထက် အားသာချက်တွေအများကြီးရှိတယ်။ ဒါကြောင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေလုပ်တဲ့နေရာမှာ အစိုးရ သာမက ပြည်သူတွေကလည်း တစ်တပ်တစ်အား ဝိုင်းဝန်းလုပ်ဆောင်ကြဖို့လိုတယ်။ သူတို့ဟာ ပညာရေးကို အလွန်အားပေးတယ်။ အနောက်နိုင်ငံပညာရေး၊ ဥရောပပညာရေး၊ အင်္ဂလန်ပညာရေး အစရှိသဖြင့် အားပေးလုပ်ဆောင်တာတွေ့ရတယ်။ အဲဒါကလည်းကောင်းမွန်တဲ့ အချက်တစ်ခုဖြစ်တယ်။

ဒါ့အပြင် တိုင်းပြည်တိုးတက်ဖို့အတွက် အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ စွမ်းအင်(လျှပ်စစ်ဓာတ်အား)ကို လွန်ခဲ့တဲ့ ငါးနှစ်၊ ခြောက်နှစ်ကျော်ကတည်းက အပြည့်အဝပေးနိုင်ခဲ့တယ်။ အဓိကအားဖြင့် သူတို့နိုင်ငံရဲ့သယံဇာတဖြစ်တဲ့ ကျောက်မီးသွေးကိုအသုံးပြုပြီး ဓာတ်အားထုတ်လုပ်တယ်။ ဒါဟာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတယ်လို့ဆိုသော်ငြားလည်း သူတို့ဟာ ဒါကိုထိခိုက်မှုအနည်းဆုံးဖြစ်အောင်ကြိုးစားနေကြတယ်။ အစိုးရကလည်း ဓာတ်အားပေးကုမ္ပဏီတွေအတွက် ကျောက်မီးသွေးကို ဈေးသက်သက်သာသာနဲ့ရောင်းပေးတယ်။ နောက်လျှပ်စစ်ဓာတ်အားကလည်း တစ်ယူနစ်ကို မြန်မာငွေနဲ့တွက်ကြည့်ရင် ၂၅ ကျပ်လောက်ပဲရှိတယ်။ အဲဒီအတွက်သူတို့ရဲ့ပြည်သူတွေဟာ လျှပ်စစ်ဓာတ်အားခ ချိုသာစွာနဲ့ အခြေခံစက်မှုလုပ်ငန်းတွေကို လုပ်ကိုင်နိုင်ကြတယ်။ အဲဒီမှာ ကျွန်တော်တို့ကြည့်ရမှာက ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံက သူတို့ရဲ့ရှိတဲ့သယံဇာတနဲ့ထွက်ကုန်တွေကို အခြေခံပြီး တန်ဖိုးမြင့်ထုတ်ကုန်အဖြစ်ထုတ်ရောင်းပြီးတော့ သူတို့နိုင်ငံအတွက် မဖြစ်မနေလိုအပ်တဲ့ စားစရာနဲ့ ပစ္စည်းတွေကို ပြည်ပကတင်သွင်းပြီး ရပ်တည်နေနိုင်တာက သူတို့ရဲ့စီမံခန့်ခွဲမှု အင်မတန်စနစ်ကျတယ်လို့ဆိုနိုင်တယ်။ ကျွန်တော်တို့ဆီမှာက သူတို့ထက်ပိုပြီးပြည့်စုံတဲ့အနေအထားတွေရှိလို့ သူတို့ထက်ပိုပြီး လုပ်ဖို့လွယ်ကူပါတယ်။ ဒီထက်ပိုပြီး အားလုံးကစိတ်တူကိုယ်တူလုပ်သွားကြမယ်ဆိုရင်တော့ ပိုကောင်းလာမယ်လို့မြင်ပါတယ်။ အထူးသဖြင့် လူငယ်တွေအပိုင်းက ပိုပြီး အရေးကြီးပါတယ်။ စည်းကမ်းကောင်းဖို့၊ ပညာရေးထူးချွန်ဖို့၊ လုပ်ရဲကိုင်ရဲရှိဖို့ လိုအပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။** ။

## (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၈ ရက်မြောက်နေ့ ဆက်လက်ကျင်းပ


**နေပြည်တော် ဇူလိုင် ၁**

(၅၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ (၈)ရက်မြောက်နေ့အဖြစ် ယနေ့နံနက် ၉ နာရီမှ စတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ပြည်ပရတနာကုန်သည်များက အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချမည့် ကျောက်စိမ်းတွဲများကို ကြည့်ရှုပြီး တင်ဒါတင်သွင်းကြသည်။

ယနေ့ကျင်းပသည့်ပြပွဲသို့ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်နှင့် စက်ဘာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်မစ္စတာတိုချီဟန်း၏ဇနီး မဒမ်ချူပို့ရင် တို့သည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်စိမ်းအတွဲများကိုအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနေမှုနှင့် ကျောက်မျက်ရတနာဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ညနေပိုင်းတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ယနေ့အထိ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပရတနာကုန်သည် ၄၄၉၅ ဦး တက်ရောက်ခဲ့ပြီး ကျောက်မျက်အတွဲပေါင်း ၁၂၆ တွဲနှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၃၇၂၃ တွဲ ရောင်းချနိုင်ခဲ့ပြီး၂၀၁၅ ခုနှစ် ဇူလိုင် ၂ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ကျောက်စိမ်းအတွဲပေါင်း ၁၄၅၀ တွဲကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



## ပြည်တွင်းရေးရာ



●**ကျောဖုံးမှ**

"ဟိုက်" ကိုယ့်မြေကိုယ့်ရေက ထွက်သည့် မြန်မာသရက်သီးတွေ ဒီလောက် ဈေးကောင်းနေသည်ကို မောင်ချစ်ဖေ မသိ။

သို့ဆိုလျှင် ကျန်သည့်အရာကိစ္စများတွင်သာ မိုက်ရူးရဲတစွတ်ထိုးလုပ်တတ်သူ မောင်ချစ်ဖေကို ဝယ်မယ်ထင်လား၊ ထိုမျှလောက်တော့ မမိုက်မဲပါ။ ချင်ခြင်းတပ်၍ အသွေးအသားတွေပဲ ခန်းခြောက်ခြောက် တပ်ပြန်ခေါက်လိုက်သည်။

ထိုမှ သားငါးတန်းသို့ ခရီးဆက်ရင်း ငယ်စဉ်က အင်မတန်နှစ်သက်ခဲ့သည့် ငါးကျည်း၊ ငါးသလောက်နှင့် ငါးပုဏ္ဏားတို့ကိုမြင်၍ ရုတ်ခြည်း ချင်ခြင်းတပ်လာပြန်သည်။ ငါးတန်းရှေ့မှမထွက်ဘဲ ခြေစုံရပ်၍ အိမ်ရှင်မကို ဆန္ဒပြုလိုက်သည်။ အိမ်ရှင်မကတော့ မောင်ချစ်ဖေကို သည်တစ်ခါဖြင့် သနားကရုဏာကြီးစွာဖြင့် ဝယ်ချင်ဟန်ပြ၍ ဈေးမေးပြန်ပါသည်။

"ငါးပုဏ္ဏားက အကြီးကိုထောင့်ငါးရာ၊ အသေးက ထောင့်နှစ်ရာ"

"ငါးကျည်းက ဒီဘက်က တစ်ဆယ်သား တစ်ထောင်၊ ဟိုဘက်က ထောင့်နှစ်ရာ"

"ငါးသလောက်က ဒီဘက်က တစ်ဆယ်သား ထောင့်နှစ်ရာ၊ ဟိုဘက်က ထောင့်ငါးရာ"

မောင်ချစ်ဖေ ပေသီးခေါက်လိုက်သည်။ မိသားစုနည်းသော်လည်း အနည်းဆုံး သုံးဆယ်သားဆိုလျှင် ငါးတစ်မျိုးကို သုံးထောင်ကျော် လေးထောင်နီးပါး။ သို့ဖြင့် ဒီတစ်ခါလည်း နှလုံးအေးဖြင့် အရှုံးပေးလိုက်ရပြန်သည်။ ဒီငါးတွေကိုစားချင်သည့် ချင်ခြင်းကြောင့် ဖြစ်ချင်တာဖြစ် ဝေးရာသို့ အမြန်လစ်တော့မည်။

အစားအသောက်ချင်ခြင်းတပ်မှုကို သည်းခံနိုင်ပါသော်လည်း မောင်ချစ်ဖေ၏ အသွေးအသားထဲတွင် ကာလအတန်ကြာကိန်းအောင်းခဲ့သည့် ကြီးစွာသော ချင်ခြင်း နှစ်ရပ်ကမူ မပြေပျောက်နိုင်သေးပါ။ မည်သူ့ကိုမျှ မပြောရဲဘဲ အောင့်အည်းသည်းခံနေခဲ့သမျှ ရက်လကြာလေ ပြင်းထန်လေဖြစ်နေခဲ့၍ အသွေးအသားတို့ပင် ခန်းခြောက်ချင်သလိုဖြစ်လာ၏။

ပထမ ချင်ခြင်းတပ်မှုက ဘဝနှင့်ချီ၏။ မောင်ချစ်ဖေသည် ရုံးဝန်ထမ်းဖြစ်၍ နေ့စဉ် ရုံးတက်၊ ရုံးဆင်း ဘတ်စ်ကားစီးရ၏။ ထိုသောအခါ ဘတ်စ်ကားအများစုမှာ ယာဉ်လိုင်စင် ဝင်စဉ်ကကဲ့သို့မဟုတ်။ မတ်တတ်ရပ်စီးပြန်သော်လည်း မသက်သာ ငါးပိငါးချဉ်သိပ်ဒုက္ခ ဖြစ်ရ၏။ ထိုင်ခုံရပြန်တော့လည်း မူလနှစ်ယောက်ထိုင်ခုံက သုံးယောက်တန်းဖြစ်လိုဖြစ်၊ ဘေးတန်းများဖြစ်လိုဖြစ်နှင့် တင်ပါးတစ်ခြမ်းတည်းဖြင့် တောင့်ခံနေရ၏။ တစ်နေ့က နောက်ဆုံးခုံတန်းရှည်တွင် နေရာလွတ်တစ်ခုလစ်လပ်၍ ထိုင်ခုံမက်သူပီပီ အပြေးထိုင်လိုက်၏။ မိုးသည်းထန်ချိန်မှာပင် ကားအင်ဂျင်အပူကြောင့် လူစင်စစ်က ကြက်ကင်ဖြစ်မတတ် ခံစားခဲ့ရ၏။

သို့ဖြင့် ဘတ်စ်ကားအစီးတစ်ရာလျှင် အုံနာတစ်ရာ၊ ယာဉ်မောင်းနှင့် စပယ်ယာ နှစ်ရာ၊ သုံးရာခန့်တို့ဖြင့် ကိုယ်ရကိုယ်ယူ၊ တစ်တောတစ်ကြက်ဖ သူတလူငါတစ်မင်း အုပ်ချုပ်မှုကင်းမဲ့သောစနစ်မှသည် စနစ်တကျ စီမံကွပ်ကဲနိုင်ပြီး နိုင်ငံခြားရုပ်ရှင်ဗီဒီယိုထဲကကဲ့သို့ မိနစ်အလိုက် အချိန်တိတိကျကျဆိုက်ရောက်သော၊ သက်သောင့်သက်သာနှင့် အန္တရာယ်ကင်းဘေးရှင်းသော ဘတ်စ်ကားများကို ချောင်ချောင်ချိချိ စီးလိုသည့် ပထမချင်ခြင်းတပ်မှုပင်ဖြစ်သည်။

ဒုတိယချင်ခြင်းတပ်မှုကလည်း ဘဝနှင့်ချီ၏။ စွဲလမ်းတပ်မက်မှုတည်းဟူသော သမုဒယကြောင့် ဒုက္ခဖြစ်ရသည်ကို မောင်ချစ်ဖေ သညာအသိဖြင့်သိပါသည်။ သို့တစေ ပုထုဇဉ်ပီပီ ချင်ခြင်းတွေ၊ ချင်ခြင်းတွေက ကုန်နိုင်ဖွယ်ရာမရှိဖြစ်နေဆဲ။

မောင်ချစ်ဖေသည် စာရူး ပေရူးပီပီ စာမဖတ်ဘဲ မနေနိုင်၊ ထိုသောအခါ မောင်ချစ်ဖေ၏ ဘဝတက်လမ်းကို သွေးလွန်တုပ်ကွေးခြင်း၊ ငှက်ဖျားခြင်း၊ ဆင်ခြေထောက်ရောဂါအပါအဝင်ခြင်မျိုး ခြင်နွယ် ခြင်ထုအပေါင်းက နိစ္စဓူဝနှောင့်ယှက်ကြ၏။

အမေရိကန်ပြည်ထောင်စုမှ ဂန္ထဝင် သမ္မတကြီး လင်ကွန်းသည် ငယ်စဉ်က စာအုပ် တစ်အုပ် ဖတ်ရှုနိုင်ဖို့ အရေး ခရီးမိုင်နှင့်ချီ၍ သွားငှားခဲ့ရကြောင်း မောင်ချစ်ဖေ ဖတ်ရှုလေ့လာခဲ့ဖူးသော်လည်း အနီခြင်များ၏ နှောင့်ယှက်မှုဒုက္ခကိုမူ နိစ္စဓူဝမခံနိုင်ပါ။ အားလပ်ရက် နေ့ခင်း စာဖတ်ချိန်တွင် ခြင်ဆေးခွေထွန်း၍ တစ်မျိုး၊ ညစဉ်ခြင်ထောင်ထဲ စောစီးစွာဝင်၍တစ်ဖုံ ခြင်အန္တရာယ်ကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကာကွယ်နေရပါသည်။

သို့ဖြင့် ငယ်စဉ်က ကျောပိုးအိတ်ကြီးများ ကိုယ်စီလွယ်ကာ ရပ်ကွက်ကြို ရပ်ကွက်ကြား၊ မြောင်းကြို မြောင်းကြားအနှံ့ ခြင်ဆေးလိုက်ဖျန်းပေးခဲ့ကြသည့် ဝန်ထမ်း ဦးကြီးများကို ပြန်လည်မြင်တွေ့လိုသည့် ဒုတိယချင်ခြင်းတပ်မှုပင်ဖြစ်သည်။

လူကိုကာလက စား၊ ကာလကို ကာလကပြန်စားရင်း အချိန်ကာလ၏ အရွေ့များ ကြာမြင့်မှုနှင့်အတူ မောင်ချစ်ဖေ၏ အနီချင်ခြင်းတပ်မှုများကား ပို၍ ပို၍ အစိုင်အခဲတစ်ရပ်အသွင် ဖြစ်တည်လာပါတော့သည်။

**ဥတုရာသီ တောကို မှီ၍**

## လမင်းရာထောင် အလှဆောင်သည်

❋ ယနေ့ခါသော်၊ နိုင်ငံတော်၏
လွှတ်တော်အစိုးရ၊ ဌာနနေရာ
များလှစွာဝယ်
ကလျာယမင်း၊ ငွေလမင်းတို့
ပဝင်းကြည်ရွှင်၊ အလှဆင်သည်
မြင်သူ ရင်သပ်ရှုမောသည်။

❋ ပြည်သူ့အကျိုး၊ ဆောင်သယ်ပိုးဖို့
ကြိုးကြိုးစားစား၊ လွှတ်တော်များတွင်
ကျားတို့နှင့်ဆိုင်၊ စကားပြိုင်သည်
ကြံ့ခိုင်စိတ်ထား မိန်းမသား။

❋ တိုင်းပြည့်ရင်နှစ်၊ မျိုးဆက်သစ်အတွက်
ခေတ်မီပညာရေး၊ ကြိုးဆောင်ပေးကြ
ယဉ်ကျေးမှုအမွေ၊ တည်တံ့စေကြ
စိတ်နေကောင်းမှု၊ အကြောင်းပြုလျက်
လူမှုဝန်ထမ်း၊ ကျေးစွာလှမ်းကြ
ပန်းကိုလည်းပန်၊ နံ့သာကျံလည်း
ဝန်ကြီး ဒုဝန်ကြီး၊ အသီးသီးတာဝန်
ထမ်းကျေပွန်သည်
မွန်မြတ်နလုံးသား မိန်းမသား။

❋ စာပေကလောင်၊ စွမ်းအားဆောင်သည်
ထွန်းပြောင်ဝင့်ကြွား၊ မိန်းမသားတွေ
စီးပွားရေး လူမှုရေး၊ အောင်မြင်ရေးအတွက်
ဖောင်ဒေးရှင်းစုံ၊ တည်ထောင်ကုန်လျက်
ပြည့်ဂုဏ်မြှင့်ကြ၊ မိန်းမလှတွေ
တက်ကြွလှုပ်ရှား၊ အားကစားဖြင့်
ကြိုးစားနေသော၊ လုံမလေးတွေ
ဒေသစွန်ဖျား၊ ဝေးကွာပြားလည်း
သွားရောက်မနေ၊ ကျန်းမာရေးအတွက်
ပေးဆပ်လုပ်အားပေး၊ မိန်းကလေးတွေ
မွှေးဘိသတင်း၊ သင်းဘိဂုဏ်ရည်
ခန့်ညားထည်သည်
တိုင်းပြည်ချစ်တဲ့ မိန်းမသား။

❋ ဩော်.....မြန်မာ့မြေမှာ အလှတွေကား
များလည်းများ၏ များသည့်ထဲတွင်
အကြင်မိန်းကလေး၊ မြန်မာ့သွေးတို့
ရှေးနှင့်မတူ၊ ဟန်မူမနွဲ့
မငဲ့ကိုယ်ကျိုး၊ မျိုးမာန်နိုးလျက်
ရိုးရိုးသားသား၊ ကြိုးကြိုးစားစား
ပြည်သူ့ကြားဝယ်၊ ခံ့ညားသင်းထုံ
သတင်းဂုဏ်နှင့်
ဘက်စုံထင်လင်း၊ မွေးပျံ့ခြင်းလျှင်
လမင်းရာထောင် သာသို့တည်း။ ။

(တိုင်းပြည်အကျိုးကို ကဏ္ဍစုံဘက်စုံမှ သယ်ပိုးဆောင်ရွက်လျက်ရှိသော မြန်မာအမျိုးသမီးများကို ဂုဏ်ပြုလျက်)

မြင်းမူမောင်နိုင်မိုး

## ယင်းမာအထူးစီမံချက် တစ်လအတွင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁**

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးရေးဗဟိုအဖွဲ့ ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှုအသွင် မူးယစ်တိုက်ဖျက်ရေးအထူးစီမံချက်(ယင်းမာ)စီမံချက်ကို ဇွန်တစ်လတာအတွင်း အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ သုံးဇုန်ခွဲပြီး မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် တာဝန်ခွဲဝေဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ဆောင်ရွက်ရာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ဇွန် ၂၆ရက်က အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပခြင်းနှင့် ဆုချီးမြှင့်ခြင်းဆောင်ရွက်နိုင်ခဲ့ပြီး ဖမ်းဆီးမူးယစ်ဆေးများ မီးရှို့ဖျက်ဆီးခြင်း သုံးနေရာဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးရေးဗဟိုအဖွဲ့က ဆိုင်းဘုတ်ချိတ်ဆွဲခြင်း၊ ပိုစတာ စတေကာကပ်ခြင်း မြို့နယ် ၉၀ တွင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် အသိပညာပေးဟောပြောပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၂၂၃ နေရာ၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၅၄ နေရာ၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်း ၃၇ မြို့နယ်၊ ပညာပေးတစ်ခန်းရပ်ပြဇာတ်ကို မြောင်းမြမြို့နယ်တွင် ကပြဖျော်ဖြေခဲ့ပြီး တွေ့ဆုံမေးမြန်းခန်းနှစ်ကြိမ်၊ မြစ်ကြီးနားမြို့နယ်၌ မူးယစ်ဆေးဝါး ရောင်းချ/သုံးစွဲသည့် ပုံကျတဲ ၁၀ လုံး မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။

အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့မှ ပြခန်းများခင်းကျင်းပြသခြင်း ကိုးမြို့နယ်၊ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းခြင်း လေးမြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့ပြီး တီးတိန်၊ တွန်းဇံမြို့နယ်တို့တွင် လမ်းတာချဲ့ခြင်းပြုလုပ်နိုင်ခဲ့သည်။

သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့မှ နှစ်ချင်းသီးနှံ မျိုးစေ့ဖြန့်ဝေခြင်း ၃၇ မြို့နယ်၊ နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးခြင်း ၂၂ မြို့နယ်၊ စိုက်စနစ်သင်တန်းဖွင့်လှစ်ခြင်း ၅၁ မြို့နယ်တို့တွင် ဆောင်ရွက်နိုင်ခဲ့သည်။

မွေးမြူရေးလုပ်ငန်းအဖွဲ့မှ တိရစ္ဆာန်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်း ၁၀ မြို့နယ်၊ အထူးကုအဖွဲ့များ ကွင်းဆင်းကုသဆောင်ရွက်ခြင်း ၁၀ မြို့နယ်၊ အခြေခံမွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေးသင်တန်း ၂၂ ခု၊ ပညာပေးဟောပြောပွဲကျင်းပခြင်း ၁၀ မြို့နယ်၊ ပြခန်းများဖွင့်လှစ်ခြင်း တစ်မြို့နယ် ဆောင်ရွက်နိုင်ခဲ့သည်။

ဆေးကုသရေးလုပ်ငန်းအဖွဲ့မှ One Stop Service ဆေးကုသရေးလုပ်ငန်း ခြောက်မြို့နယ်၊ မက်သာဒုံး ဆေးရည်တိုက်ကျွေးရေးဌာနအသစ် ဖွင့်လှစ်ရန် ပညာပေးညှိနှိုင်းဆွေးနွေးခြင်း ခြောက်မြို့နယ်၊ လုပ်ငန်းညှိနှိုင်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ၁၂ မြို့နယ်၊ မူးယစ်ဆေးစွဲလူနာများ မက်သာဒုံးဆေးကုသမှုခံယူနေသူများအား အသည်းရောင်အသားဝါ ဘီပိုးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်း ခုနစ်မြို့နယ်၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် HIV ပိုးကူးစက်မှု ကာကွယ်ကုသရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို မြို့နယ် ၂၀ တို့တွင် ဆောင်ရွက်နိုင်ခဲ့သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့မှ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းဖွင့်လှစ်ခြင်း နှစ်မြို့နယ်၊ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း တစ်မြို့နယ်၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲ စာသင်ကျောင်းများနှင့် မြို့နယ်များတွင် ပြုလုပ်ခြင်း ၁၃ မြို့နယ်တို့တွင် ဆောင်ရွက်နိုင်ခဲ့သည်။

ကျောင်းသားလူငယ်များ အသိပညာပေးရေးအဖွဲ့မှ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး တက္ကသိုလ်အဆင့်ဟောပြောပွဲ (၁၁)မြို့နယ်၊ ကောလိပ်အဆင့် (၁၈)မြို့နယ်၊ အခြေခံ ကျောင်းပေါင်း ၂၄၄ ကျောင်း၊ မူးယစ်ဆေဝါးတိုက်ဖျက်ရေးဆောင်းပါး စာစီစာကုံး၊ ကဗျာ၊ ပိုစတာပြိုင်ပွဲများကို မြို့နယ် ၃၀ တွင် ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်သူများအား အသိပညာပေးလှုံ့ဆော်ရေးအဖွဲ့မှ နယ်လှည့်စာကြည့်တိုက် လက်ကမ်းစာစောင်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲများကို စီမံချက် တစ်လတာအတွင်း ၄၁၅ မြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့သည်။

ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းများ ကွင်းဆင်းစစ်ဆေးခြင်း ၁၂ မြို့နယ်၊ အသိပညာပေးဆွေးနွေးခြင်း ၁၇ မြို့နယ်တို့တွင် ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) မှ မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပတ်သက်သော ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲကို မရမ်းကုန်းမြို့နယ်၌လည်းကောင်း၊ အလွတ်တန်းကဗျာရွတ်ဆို ပြိုင်ပွဲကို ဗဟန်းမြို့နယ်၌လည်းကောင်း ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် တနင်္သာရီမြို့နယ်အတွင်း ဘိန်းစာပင် (၁ ဒသမ ၈၅) ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ဒဂုံတော်ဝင်စင်တာ၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲလုပ်ခြင်း၊ ရေတာရှည်မြို့နယ် တောင်နန်ချွန်ရွာ၌ MANA ရုံးဖွင့်ခြင်းနှင့် ဆိုင်းဘုတ်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## အောင်ဘာလေသိန်းဆုဖွင့်

**ရန်ကုန် ဇူလိုင် ၁**

**ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ (၁၁၈) ကြိမ် ဇူလိုင် ၁ ရက်နေ့တွင် အောင်ဘာလေသိန်းဆုဌာနခွဲမှ ထွက်ပေါ်လာသော ဆုမဲများမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ကျပ်သိန်း(၁၅၀၀)ဆု**

ယ-၈၅၃၃၃၁

**ကျပ်သိန်း(၁၀၀၀)ဆု**

ခ-၄၀၆၇၆၂

က-၆၅၈၁၂၆

**ကျပ်သိန်း(၅၀၀)ဆုများ**

ဝ-၆၃၇၈၆၄၊ လ-၄၃၁၃၉၄၊

အ-၉၆၅၄၅၈၊ ယ-၆၀၁၆၀၉၊

ဌ-၁၈၃၆၈၈

**ကျပ်သိန်း(၃၀၀)ဆုများ**

ထ-၇၃၇၅၅၄၊ ခ-၇၃၀၆၈၉၊

မ-၁၇၂၆၁၆၊ ဖ-၆၆၀၂၃၆၊

ဂ-၆၆၁၆၇၀၊ လ-၆၄၅၀၁၀

**ကျပ်သိန်း(၂၀၀)ဆုများ**

ဈ-၃၂၇၀၈၉၊ ခ-၃၆၅၂၃၇၊

ဌ-၈၉၈၄၇၄၊ ဒ-၂၁၀၉၀၅၊

ကခ-၂၇၃၄၃၇၊ ခ-၃၁၆၀၀၉၊

မ-၇၈၄၁၈၈

**ကျပ်သိန်း(၁၀၀)ဆုမဲများ**

ဗ-၈၂၄၁၆၂၊ တ-၆၃၁၉၄၀၊ င-၉၁၅၉၇၁၊

ဇ-၄၂၂၅၅၂၊ ကခ-၉၅၁၅၆၁၊ ဗ-၈၀၆၈၉၃၊

ဋ-၇၅၉၁၄၈၊ ဍ-၈၉၇၅၄၅၊ ယ-၁၃၅၃၉၆၊

ရ-၇၄၃၄၀၀၊ ပ-၂၁၄၃၂၇၊ မ-၇၉၅၂၇၈၊

ဖ-၉၆၄၁၁၅၊ ပ-၉၃၆၆၅၅၊ ဌ-၉၂၂၅၄၄၊

လ-၈၃၂၇၁၀

# ဂုဏ်သိက္ခာရှိမှ မိန်းမလှ

ခင်ဆွေမြင့်(မြန်မာစာ)

“မြန်မာအမျိုးသမီးများနေ့”
ဇူလိုင်လ (၃) ရက်

မြန်မာအမျိုးသမီးများ၏ နယ်ပယ်တွင် “ဣတ္ထိရူပံခန်”ဟူသော စကားစဉ်သည် ထင်ရှားလှပါသည်။ အမျိုးသမီးများအတွက် ရုပ်ရည်အဆင်းလှပခြင်းသည် ဥစ္စာပစ္စည်း ချမ်းသာကြွယ်ဝခြင်းပင်ဖြစ်သည်ဟူသော အယူအဆကို မငြင်းမဆန်လက်ခံကြပါသည်။

လူ့သဘာဝအရ လူသည် အလှအပကို နှစ်သက်သည်။ အလှအပကို မှန်းနိုင်၊ ခြယ်နိုင်သည်နှင့်အမျှ လှပနိုင်သော မိန်းကလေးငယ်များအတွက် အလှအပသည် ဘဝ၏ နှစ်သက်မြတ်နိုးဖွယ်ရာ အဆင်တန်ဆာ ဖြစ်ပါသည်။ အလှအပဖြင့် မိမိ၏ ရုပ်ဆင်းရောင်ဝါကို ဝင်းပအောင် ဖန်တီးနိုင်ကြသည်။ ပတ်ဝန်းကျင်၏နှစ်သက်မှု၊ စွဲလမ်းမှု၊ အံ့ဩမှု၊ ချီးမွမ်းမှုများကို ခံယူပြီး ကြည်နူးကျေနပ်ကြရသည်။ မည်မျှပင် နှစ်ပေါင်း၊ ခေတ်ပေါင်း ရာထောင်ချီပြီး ပြောင်းလဲခဲ့သော်လည်း လှချင်သော မိန်းမသားများ၊ လှအောင်ပြုပြင်ဆင်ယင်ကြသော မိန်းမသားများသည် ရှိခဲ့ရှိဆဲ ရှိနေကြဦးမည်ဖြစ်ပါသည်။

ဗုဒ္ဓယဉ်ကျေးမှုထွန်းလင်းတောက်ပသော ကျွန်မတို့ မြန်မာ့လူ့အဖွဲ့အစည်းသည် ဗုဒ္ဓစာပေကျမ်းဂန်များထဲမှ အလှဇာတ်လမ်းများစွာ၏ အနှစ်သြဇာကို ရယူခံစားခဲ့ကြသည်။ နန်းဆောင်ဘုံမြင့် ခုနစ်ဆင့်တွင် နန်းပြာသာဒ်တံခါးကိုပိတ်ပြီး တစ်ကိုယ်တည်း ညည်းညူ တမ်းတလွမ်းချင်းချခဲ့သော သိဝိမင်းကြီးနှင့် ဥမ္မာဒန္တီသတို့သမီး၏ အလှဇာတ်လမ်းသည် လည်းကောင်း၊ ခုနစ်ဆောင်တိုက်ခန်းကိုပင် မီးမထွန်းဘဲ လင်းစေနိုင်လောက်အောင် ကိုယ်ရောင်ဝင်းပ အလှကြီးခဲ့သည့် ပဘာဝတီမင်းသမီးနှင့် ဖွဲနပဲကြီးလှသော မင်းကုသတို့၏ ဇာတ်လမ်းသည်လည်းကောင်း မြန်မာအမျိုးသမီးများ၏ ရင်ထဲစွဲနစ်နေခဲ့သော အလှတရားဆိုင်ရာ သာဓကများဖြစ်ပါသည်။

ခေတ်မီသိပ္ပံနည်းပညာများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ယနေ့ခေတ်တွင် အလှအပဆိုင်ရာ ပစ္စည်းများစွာ၊ အလှပြင်ကိရိယာများစွာ၊ အလှအပနည်းနာများစွာတို့သည် ရေတွက်၍မနိုင်အောင် တိုးပွားများပြားလာပါသည်။ ဆံပင်မှ ခြေဖျားအဆုံး၊ ကိုယ်ခန္ဓာအစိတ်အပိုင်းအသီးသီးကို အလှအပအတွက် ခွဲစိတ်နိုင်သည်။ ပြုပြင်နိုင်သည်။ အရောင်အသွေးအမျိုးမျိုး ခြယ်မှုန်းနိုင်သည်။ အသားအရေဖြူဖွေးချောမွေ့ နူးညံ့အောင်လည်း လုပ်နိုင်သည်။ ဆံပင်ကို နူးညံ့ပျော့ပျောင်းအောင်လည်း လုပ်နိုင်သည်။ ဖြောင့်နိုင်သည်။ ကောက်နိုင်သည်။ အရောင်အမျိုးမျိုးလည်း ဆိုးနိုင်သည်။ ခေတ်အလိုက် အမျိုးမျိုးပြုပြင်ဖန်တီးကြပါသည်။ အကြောင်းရင်းမှာ လှလိုခြင်းပင်ဖြစ်ပါသည်။

သို့ရာတွင် ဤအလှများသည် အရေပြားပေါ်မှ အပေါ်ယံအလှမျှသာဖြစ်သည်ကိုလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တကို နားရည်ဝနေသော ကျွန်မတို့ မြန်မာများအားလုံး သိရှိနားလည်ပြီး ဖြစ်ပါသည်။ လက်ခံပြီးသား ဖြစ်ပါသည်။ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး၏ **“စိတ်ကောင်းရှိဖို့က ပထမ”**ဟူသော ဩဝါဒကထာကို ကျွန်မတို့အားလုံး သဘောပေါက် လိုက်ကြပြီးသား ဖြစ်ပါသည်။ **“စိတ်အလှသည်သာ အနှစ်သာရ”** ဖြစ်ကြောင်း ကျွန်မတို့ လက်ခံကြပြီးဖြစ်ပါသည်။

**“စိတ်အလှရှိသူသည် ဂုဏ်သိက္ခာရှိသူဖြစ်ပါသည်”၊ “လူ့ကျင့်ဝတ်စောင့်ထိန်းသူများသည် ဂုဏ်သိက္ခာရှိသူများဖြစ်ပါသည်”။**

**“ဂုဏ်သိက္ခာ”**ကို အဘိဓာန်ကျမ်းများက စောင့်စည်းထိန်းသိမ်းအပ်သောဂုဏ်၊ လေးလေးစားစား ဆက်ဆံကြသောဂုဏ်၊ တန်ဖိုးရှိသောဂုဏ်၊ မြင့်မြတ်သောဂုဏ်၊ ရိုးဖြောင့်မှု၊ စာရိတ္တကောင်းမွန်မှု၊ တည်ကြည်မှု၊ integrity, dignity စသည်ဖြင့် ဖွင့်ဆိုကြပါသည်။

လိုက်နာစောင့်ထိန်းအပ်သော အမူအရာ (behavior) များကို စောင့်စည်းထိန်းသိမ်းခြင်းဟူသော ကျင့်ဝတ်ရှိသူသည် ဂုဏ်သိက္ခာရှိသူ၊ တန်ဖိုးရှိသူဖြစ်ပါသည်။ ပတ်ဝန်းကျင်၏ လေးလေးစားစား ဆက်ဆံသောဂုဏ်ကို ရရှိပါလိမ့်မည်။

မြန်မာအမျိုးသမီးများ လိုက်နာကျင့်သုံးကြသော ကျင့်ဝတ်များသည် မြန်မာ့လူ့အဖွဲ့အစည်းတွင် နှစ်ပေါင်းထောင်ချီ၍ ကျင့်သုံးဆောက်တည်ခဲ့သော ကျင့်ဝတ်များဖြစ်ခြင်းကြောင့် အသားကျ အသားသေနေသော မြန်မာ့လူမှုတန်ဖိုးများဖြစ်ပါသည်။

သူ့အသက် မသတ်ရ၊ သူ့ဥစ္စာကို သူမသိဘဲ ခဏလေးသော်မျှ ယူမသုံးရ၊ မိမိ၏ ဇနီး၊ မယား၊ ခင်ပွန်းမဟုတ်သူကို စိတ်နှင့်ပင် မပြစ်မှားရ၊ လိမ်ညာကြွမ်းတမ်း၊ အကျိုးမရှိ ကုန်းတိုက်စကားများ မပြောဆိုရ၊ မူးယစ်စေတတ်သည်များ မသုံးစွဲရဟူသော သီလငါးပါးသည်ပင် ကျွန်မတို့နှင့် ကျွမ်းဝင်ရင်းနှီးနေပြီဖြစ်သော အခြေခံအကျဆုံး မြန်မာ့ကျင့်ဝတ်ဖြစ်ပါသည်။

**“လူမိုက်ဆိုလျှင်၊ ရှောင်သွေလွှဲလို့၊ မမှီဝဲနဲ့ ကင်းအောင်နေ”**
**“ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ်၊ နည်းယူလေ”**
**“သုံးပါးရတနာ၊ မိဘများနှင့် ဆရာသမားကို ပူဇော်လေ”**
**“အလုပ်တာဝန်မလစ်ဟင်းနဲ့၊ အပြစ်ကင်းအောင် လုပ်ပါလေ”**
**“လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာသင်ကြား နားလည်စေ”**

အစရှိသော မြန်မာများ ကျင့်သုံးလိုက်နာကြသည့် (၃၈) ဖြာ မင်္ဂလာတရားတော်သည်လည်း ယဉ်ကျေးမှုအဆင့်မြင့်စေသော လူမှုလမ်းညွှန်များဖြစ်ပါသည်။

သိင်္ဂါလောဝါဒသုတ္တန်တွင် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော မိဘနှင့် သားသမီးဝတ်၊ ဆရာဝတ်၊ တပည့်ဝတ်အစရှိသော ကျင့်ဝတ်ငါးပါးအစုများသည်လည်း မြန်မာ့လူ့အဖွဲ့အစည်းတွင် နှစ်ပေါင်းထောင်ချီပြီး လိုက်နာကျင့်သုံးခဲ့ကြသော စံမီ စံထားရသည့် လူ့ကျင့်ဝတ်များဖြစ်ပါသည်။

မြန်မာအမျိုးသမီးများအတွက်မူ မိဘဝတ်၊ သားသမီးဝတ်၊ ဇနီးဝတ်များသည် အရွယ်သုံးပါး မိန်းမသားများ၏ ကျင့်ဝတ်ဖြစ်နေပါပေပြီ။

**“မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်”** သည် မိခင်ဘဝ မိခင်အရွယ် မြန်မာအမျိုးသမီးများအတွက် လမ်းညွှန်ခဲ့သည်မှာ ဗုဒ္ဓသာသနာရောက်ရှိစဉ်ကပင်ဖြစ်ပါသည်။ ကာလရှည်ကြာခဲ့ပါလေပြီ။

**“ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ် ဝတ်ငါးသွယ်”** သည် သမီးဘဝ သမီးအရွယ် မြန်မာအမျိုးသမီးများ ကျင့်သုံးနေကြသည့် သမီးကောင်းကျင့်ဝတ်များ ဖြစ်နေပါသည်။

**“အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြည်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ အိမ်သူကျင့်အပ်စွာ”**သည် မြန်မာအမျိုးသမီး ဇနီးသည်များ၊ အိမ်ရှင်မကောင်းများ လက်ခံ လိုက်နာကြရသော အသားကျနေပြီဖြစ်သည့် ဇနီးကျင့်ဝတ်များ ဖြစ်ပါသည်။

ဤကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းခြင်းဖြင့် မြန်မာအမျိုးသမီးများသည် ယဉ်ကျေးမှုဂုဏ်သိက္ခာ တင့်တယ်ထည်ဝါသော အလှစစ်ပိုင်ရှင် မိန်းမသားများအဖြစ် ရပ်တည်နိုင်ကြမည်ဖြစ်ပါသည်။

**“အမရာကိန္နရီ၊ မဒီသမ္ဘူလ၊ တော်လေးဝ”** ကိုစံထားပြီး ခင်ပွန်းသည်အပေါ် သစ္စာကြီးမားကြသူများ၊ **“မိန်းမတို့ဣန္ဒြေ၊ ရွှေပေးလို့မရ”၊ “ဆင်မယဉ်သာ”၊ “ခြေတစ်လှမ်း ကုဋေတစ်သန်း”** စကားများကို ပုံဆောင်ပြီး နူးညံ့သိမ်မွေ့သူ၊ ဣန္ဒြေဂုဏ်သိက္ခာကို တန်ဖိုးထားသူများ **“မိန်းမကောင်း ပန်းပန် တစ်ပွင့်တန်၊ မိန်းမသွမ်းပန်းပန် တစ်ဟင်းငံ”** ဟူသော လမ်းညွှန်ချက်ကို ခံယူပြီး အချစ်ရေး၊ အိမ်ထောင်ရေးတွင် စည်းကမ်းကြီးသူများ **“အသက်နှင့်လူမလုပ်၊ အရှက်နှင့် လူလုပ်”၊ “ဟီရိဩတ္တပ္ပ အရှက်နှင့် အကြောက်”** ဟူသော စကားများကို စံထားပြီး မိမိတို့၏ ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာကို တန်ဖိုးထားသူများအဖြစ် ရှင်သန်လာခဲ့ကြခြင်းသည် မြန်မာအမျိုးသမီးများ၏ အဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုဂုဏ်ရည်လည်း ဖြစ်ပါသည်။

**ဤမျှအစဉ်အလာကြီးမားအားကောင်းခဲ့သော မြန်မာအမျိုးသမီးများ၏ မိမိဘဝကို ထိန်းသိမ်းခြင်း၊ မိမိဣန္ဒြေကို စောင့်စည်းခြင်း၊ မိသားစုကို ဦးဆောင်စောင့်ရှောက်နိုင်ခြင်း အစရှိသော အရည်အသွေးကောင်းများကြောင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ အရေးကြီးလှသော ကျွန်မတို့၏ မြန်မာ့လူ့အဖွဲ့အစည်းသည် သမိုင်းခေတ်တစ်လျှောက် ပုံရိပ်မပျောက်၊ ရုပ်မပျောက်ခဲ့ရခြင်းဖြစ်ပါသည်။**

ယနေ့ကျွန်မတို့ မြန်မာအမျိုးသမီးကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ်များ အားလုံးသည်လည်း သမိုင်းအစဉ်အလာကြီးခဲ့သော မြန်မာအမျိုးသမီးများ၏ ကျင့်ဝတ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် အမျိုးသမီးများ၏ ဂုဏ်သိက္ခာအလှကို တည်ဆောက်ကြစေချင်ပါသည်။

အသွင်အပြင် အလှ၊ မျက်နှာပြင်အလှများသာမက အနှစ်သာရဖြစ်သော ရင်တွင်းအလှ၊ စိတ်အလှ၊ ကိုယ်ကျင့်တရားအလှများဖြင့် မှုန်းခြယ်ကြသော **“ဂုဏ်သိက္ခာပြည့်ဝ မိန်းမလှ”** များဖြစ်ကြပါစေကြောင်း မြတ်သောစိတ်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။



## သမိုင်းအစဉ်အလာကြီးခဲ့သော မြန်မာအမျိုးသမီးများ၏ ကျင့်ဝတ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် အမျိုးသမီးများ၏ ဂုဏ်သိက္ခာအလှကို တည်ဆောက်ကြစေချင်။

# အေလာရွာမအလယ်တန်းကျောင်းခွဲအား အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် အေလာရွာမ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၂၉ ရက် နံနက် ၈ နာရီက ကျင်းပရာ နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ် တာဝန်ခံ ဦးမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်ပညာရေး မှူးနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလယ်တန်းကျောင်းဆိုင်းဘုတ်အား နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ဦးဖုန်းဇော်ဟန်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ လယ်ဝေးတပ်နယမှ ဗိုလ်မှူးကြီးစိုးအောင်၊ နေပြည်တော်ပညာရေးညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်က လယ်ဝေးမြို့နယ်အတွင်း ပညာရေးဆိုင်ရာ ဆောင်ရွက်ပေးမှုများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပညာရေးဌာနနှင့် ပတ်သက်ပြီး ဆောင်ရွက်နေသည့် အစီအစဉ်များနှင့် နောင်ဆောင်ရွက်မည့်အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

**သန်းဦး(လေးမျက်နှာ)**

# ဗဟန်းစစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဇွန် ၂၈ ရက် နံနက် ၉ နာရီခွဲတွင် ဗဟန်းမြို့နယ် ကျောက်ဆည်မဏ္ဍပ်၌ ကျင်းပခဲ့သည်။ **(ယာပုံ)**




အခမ်းအနားတွင် သဘာပတိ ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အသက်(၇၅)နှစ်နှင့်အထက် ၃၅ ဦး၊ မသန်စွမ်းစစ်မှုထမ်းဟောင်း ရှစ်ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီး ကိုးဦး၊ ရိုးရိုးအောင် ၁၃ ဦး စုစုပေါင်း ၂၂ ဦးနှင့် အစည်းအဝေး တက်ရောက်လာသူ စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ၂၀၀ တို့အား ထောက်ပံ့ငွေကျပ် ၂၆၆၅၀၀၀ နှင့် ဆုတံဆိပ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

## ဇူလိုင် ၁ ရက် ဗုဒ္ဓဟူးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဧည့်မထ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၁၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ ၁၈၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၈၀၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀ မှ ၁၃၂၀၀၀ |
| ၉ | စွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၂၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၅၀၀၀ မှ ၈၅၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၁၃ | ပဲလွမ်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၆၀၀၀ မှ ၈၀၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၈၀၀၀ မှ ၅၀၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၈၅၀၀၀ မှ ၁၉၀၀၀၀ |
| ၁၆ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၇၆၀၀၀ မှ ၈၀၀၀၀ |
| ၁၇ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၈၀၀၀ မှ ၉၀၀၀၀ |
| ၁၈ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၃၀၀၀ မှ ၁၀၄၀၀၀ |
| ၁၉ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၂၀၀၀၀ မှ ၁၃၅၀၀၀ |
| ၂၀ | ကြက်သွန်နီ | ဆိပ်ဖြူ မြင်းခြံ၊မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၂၅ မှ ၇၀၀ |
| ၂၁ | ကြက်သွန်ဖြူ | ကျူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၇၅ မှ ၂၀၂၅ |
| ၂၂ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၂၃ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၂၀၀၀ မှ ၅၀၀၀၀ |
| ၂၄ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၈၅၀၀ မှ ၄၉၀၀၀ |
| ၂၅ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၈၆၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

# အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၄) ရက် (စနေနေ့)

International day of co-operatives 2015 · Choose co-operative · Choose equality

"သာတူညီမျှ သမဝါယမ"

Choose co-operative, choose equality

# အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သမဝါယမဈေးရောင်းပွဲတော် ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁**

(၂၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမအသင်းအချင်းချင်း၏ ထွက်ကုန်များ ဖလှယ်ရောင်းချခြင်းနှင့် ဒေသအလိုက်ထုတ်ကုန်များ၊ လက်မှုထည်များ၊ ရိုးရာအဝတ်အထည်များ ပြသရောင်းချပွဲကို ဇူလိုင် ၂ ရက်မှ ၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း သမဝါယမဝန်ကြီးဌာန ရုံးအမှတ်(၁၆)တွင် စည်ကားသိုက်မြိုက်စွာပြသရောင်းချသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# စိုက်ပျိုးရေးလုပ်ငန်းများတွင် လယ်ယာသုံးစက်ကိရိယာများ ငှားရမ်းအသုံးပြုနိုင်

**ရေဦး ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ အမှတ်(၂၁) စက်မှုလယ်ယာဦးစီးဌာနက ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းများတွင် စက်ကိရိယာများ လက်လှမ်းမီစွာ ငှားရမ်းအသုံးပြုနိုင်ရန်နှင့် ကုန်ကျစရိတ်သက်သာပြီး စက်ယန္တရား အသုံးပြုမှု တွင်ကျယ်လာစေရန် ရည်ရွယ်၍ စက်မှုလယ်ယာရှေ့တန်းစခန်းကို ဇွန် ၂၉ ရက်က ပန်းကုံးကျေးရွာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ပန်းကုံးစိုက်ခြံ)၌ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"စိုက်ပျိုးရိတ်သိမ်းချိန်တွင် မြို့နယ်ရုံးအထိ လာရောက်ငှားရမ်းစရာ မလိုဘဲ လက်လှမ်းမီရာထွန်စက်စခန်းမှာ ဝန်ထမ်းများ၊ စက်များထားပြီး ငှားရမ်းနိုင်အောင်စီစဉ်ထားပါတယ်။ ငှားရမ်းမှုအနေနဲ့ မြေတစ်ဧကလျှင် ထွန်ယက်ခ ကျပ်တစ်သောင်းခွဲ၊ ရိတ်သိမ်းခြွေလှေ့ခ တောင်သူမှ ဆီထည့်ပေးပါက ကျပ်သုံးသောင်း၊ ရိတ်သိမ်းခြွေလှေ့အပြီးအစီး ငှားရမ်းခ ကျပ်လေးသောင်း သတ်မှတ်ထားပါတယ်။

အထွက်နှုန်းကောင်း၊ ရေဝင်ရေထွက်ကောင်းတဲ့ စနစ်ကျတဲ့ လယ်ယာမြေအဖြစ်ပြုပြင်ခြင်း၊ တောင်သူအချင်းချင်းနားလည်မှုအပြည့်အဝနဲ့ အဆင့်မြင့်လယ်ယာမြေဖော်ဆောင်လိုသော ဆန္ဒရှိပါက နိုင်ငံတော်မှ အကုန်ကျခံဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု စက်မှုလယ်ယာဦးစီးဌာနမှူး ဦးငွေဇော်စိုးက အဆိုပါရှေ့တန်း စခန်းဖွင့်ပွဲ၌ ပြောကြားသည်။

အဆင့်မြင့် လယ်ယာမြေဖော်ဆောင်ခြင်းဖြင့် တောင်သူများ မိမိပိုင်ဆိုင်သော လယ်မြေဧက လျော့နည်းသွားမှုမရှိခြင်း၊ ရေဝင်ရေထွက်၊ လေဝင်လေထွက်ကောင်းခြင်း၊ ကုန်ထုတ်လမ်းအသုံးပြု၍ အချိန်မရွေးဝင်ထွက်သွားလာနိုင်ခြင်း၊ ရာသီဥတုအပေါ် မူတည်ပြီး တောင်သူနှစ်သက်ရာသီးနှံစိုက်ခွင့်ရှိနေခြင်းတို့ကြောင့် တက်ရောက်လာသောတောင်သူများက စိတ်ပါဝင်စားလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၀) တွင်ပါရှိသော **"မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ"** သတင်းအပိုဒ်(၁)တွင် ၂၀၁၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၇၅၂၉ သန်းနှင့် အပိုဒ်(၃)တွင် (၁၀)ဧကနှင့်အထက်ရှိသော တောင်သူများအား ချေးငွေများ ထုတ်ချေးပေးလျက်ရှိဟု ဖော်ပြခဲ့သည့်အစား မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ၂၀၁၅ မိုးဘဏ်ချေးငွေ ထုတ်ချေးရန်လျာထားချက်မှာ ကျပ်(၇၅၂၉၂ ဒသမ ၆၈)သန်းဖြစ်ကြောင်းနှင့် ထုတ်ချေးမည့်မူစနစ်တွင် **"လုပ်ကွက်ငယ်လုပ်ကိုင်သော တောင်သူလယ်သမားများအား ဦးစားပေးသည့်အနေဖြင့် သီးနှံ(၁၀)ဧကအထိ လုပ်ကိုင်သူများကို ချေးငွေထုတ်ချေးပေးမည်"**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဂျပန်-မဲခေါင် ယူ -၁၅ ပြိုင်ပွဲတွင် မြန်မာအသင်း ပွဲဦးထွက်အနိုင်ရ

ဂျပန်-မဲခေါင်ယူ-၁၅ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဂျပန်နိုင်ငံတွင် ယနေ့ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာယူ-၁၅ အသင်းမှာ ပွဲဦးထွက်နိုင်ပွဲ စတင် ရယူနိုင်ခဲ့သည်။

မြန်မာယူ-၁၅ အသင်းမှာ ဂျပန်ကလပ် ဟီရိုရှီးမားလူငယ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု(ခ)တွင် ထိုင်း၊ လာအို၊ ဟီရိုရှီးမား(ဂျပန်)တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ဇူလိုင် ၂ ရက်တွင် လာအိုအသင်း၊ ထိုင်းအသင်းတို့နှင့် တစ်ရက်တည်း နှစ်ပွဲကစားရမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲကို အသင်းရှစ်သင်း ယှဉ်ပြိုင်လျက်ရှိသည်။


**(ဖိုးသော်ဇင်)**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆-ဂျေ)၊ မြေကွက်အမှတ်-၉၅-စီ၊၁၂/အေ-၁၊ မြေကွက်တည်နေရာ အမှတ်(၁၂/က)၊ ရွှေတောင်ကြားရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ဒေါ်တင်ညွန့် အမည်ပေါက် မြေပိုင်မြေအား ဒေါ်တင်ညွန့် အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကိတ္တိမသမီးအဖြစ်မွေးစားခြင်း မှတ်ပုံတင်စာချုပ် ၁၇၁၃/၁၉၉၃ ဖြင့် မွေးစားခဲ့သော အမည်ပေါက်၏ အမွေစားအမွေခံ ကိတ္တိမ သမီး ဒေါ်သန်းငွေး(ခ) ဒေါ်ယဉ်ယဉ်မြင့် [၁၂/မဂဒ(နိုင်)၀၀၈၂၁၄]က ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အမည်ပေါက်စာချုပ် (၁၆၁၃/၁၉၉၈)နှင့် (၁၂၁၉/၂၀၀၇)တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# လူမည်းအမျိုးသမီး ပထမဆုံးအကြိမ်ဘဲလေးအကကျောင်းအုပ်အဖြစ်ခန့်အပ်ခံရ



အာဖရိကန်-အမေရိကန်လူမျိုး ဘဲလေးကချေသည် မစ်စတီကော့ပ်လန်အား ABT ဘဲလေးအကသင်ကျောင်း၏ ကျောင်းအုပ်အဖြစ် ဇွန်၃၀ ရက်ကခန့်အပ်လိုက်ပြီဖြစ်သည်။

အဆိုပါ ဘဲလေးအကသင်ကျောင်းသည် (၇၅) နှစ်တာ သက်တမ်းတစ်လျှောက်တွင် လူမည်းအမျိုးသမီးတစ်ဦးအား ပထမဆုံးအကြိမ်အဖြစ် ကျောင်းအုပ်ရာထူးခန့်အပ်ခြင်းဖြစ်သည်။

တိုင်းမ်မဂ္ဂဇင်း၏ ကမ္ဘာ့သြဇာလွှမ်းမိုးမှုအရှိဆုံး စာရင်းဝင် တစ်ဦးလည်းဖြစ်သော ကော့ပ်လန်သည် ကျောင်းအုပ်ရာထူးပေးအပ်ခံရခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်ဝမ်းမြောက်သည့်အကြောင်းကိုလည်း တွစ်တာစာမျက်နှာတွင် ဇွန် ၁ ရက်ကရေးသားထားသည်။ စလန်နိုးလက်စ်နှင့် မာရိုင်ကေရီတို့အပါအဝင် နာမည်ကျော်အနုပညာရှင်များကလည်း ဂုဏ်ပြုထားကြောင်းကို လူမှုမီဒီယာတွင် ရေးသားထားသည်။

ABT ကျောင်းသည် အမေရိကန်ပြည်ထောင်စုရှိ ထိပ်တန်းဘဲလေးအကသင်ကျောင်း သုံးကျောင်းစာရင်းဝင်ဖြစ်ပြီး ၁၉၆၂ ခုနှစ်တွင် အာသာမစ်ချယ်နှင့် ၁၉၉၇ ခုနှစ်တွင် ဒက်စမွန်ရစ်ချက်စန်တို့အား အသားအရောင်မခွဲခြားဘဲ ဘဲလေးကချေသည်အဖြစ် သင်ကြားပေးခဲ့ဖူးသည်။

**ပန်းသော်တာ**



# အဆိုတော်ဟေးယွန် ဖက်ရှင်နှင့် အလှအပရေးရာစာအုပ်ထုတ်ဝေမည်

Girl Generation အဖွဲ့မှ အဆိုတော်ဟေးယွန်က ပျိုမေများအတွက် ဖက်ရှင်နှင့် အလှအပရေးရာ သိမှတ်ဖွယ်ရာများကို ဇူလိုင် ၁ ရက်တွင် စာအုပ်ထုတ်ဝေ ဖြန့်ချိမည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ Espresso Room စားသောက်ဆိုင်၌ မွန်းလွဲ ၂ နာရီတွင် စာအုပ်ထုတ်ဝေခြင်း အထိမ်းအမှတ်ပွဲကို ပြုလုပ်သွားမည်ဖြစ်သည်။

စာအုပ်နှင့်ပတ်သက်ပြီး အဆိုတော်ဟေးယွန်က " ဒီစာအုပ်ထဲမှာ ကျော်ကြားတဲ့ အနုပညာရှင်တွေရဲ့ တစ်နေ့တာလုပ်ဆောင်လေ့ရှိတဲ့ အရာတွေ၊ အလှအပရေးရာတွေ၊ ဖက်ရှင်နဲ့ ပတ်သက်တာတွေ ပါဝင်တာမို့ စာဖတ်ပရိသတ်သဘောကျလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်"လို့ ဖွင့်ဟပြောဆိုထားသည်။

အသက်(၂၅)နှစ်အရွယ် အဆိုတော်ဟေးယွန်သည် ၂၀၀၇ ခုနှစ်တွင် Into the New World တေးစီးရီးအယ်လ်ဘမ်ဖြင့် ဂီတလောကထဲ စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး Dancing with the Stars ၊ Dancing 9၊ Million Likes စသည့်ရှိုးပွဲများတွင်လည်း ပါဝင်ဖျော်ဖြေပေးလျက်ရှိသည်။

**ဆုမြတ်**

# အသည်းကွဲနေတဲ့ အိုလီဗာကာလ်ပို



၂၀၁၂ ခုနှစ် မယ်စကြာဝဠာ အိုလီဗာကာလ်ပိုသည် အသက် (၂၂) နှစ်အရွယ် ချစ်သူဂျိုးနက်ခ်နှင့် လမ်းခွဲပြီးနောက် နာကျင်ခံစားနေရကြောင်း သူ၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

အသက် (၂၃) နှစ်ရှိပြီဖြစ်သော ကာလ်ပိုက "အသည်းကွဲတဲ့ခံစားချက်က တကယ့်ကို နာကျင်ပါတယ်။ ဒါပေမယ့်လည်း တစ်နေ့ထက်တစ်နေ့ ပိုကောင်းတဲ့ အရာတွေကို ပိုင်ဆိုင်ရဖို့ ကြိုးစားရှာဖွေရဦးမှာပါ"ဟု ရေးသားထားသည်။

သူတို့နှစ်ဦးသည် နယူးယော့ခ်ဖက်ရှင်သီတင်းပတ်တစ်ခုတွင် စတင်ဆုံတွေ့ခဲ့ကြပြီး ၂၀၁၃ ခုနှစ် နွေရာသီ၌ ချစ်သူဖြစ်ခဲ့ကြသည်။ ဂျိုးနက်ခ်သည် ကာလ်ပိုအကြောင်းရေးစပ်ထားသော တစ်ကိုယ်တော်တေးစီးရီးကို "Jealour" ဖြင့် အောင်မြင်မှုရရှိခဲ့ပြီး အခမ်းအနားအတော်များများကိုလည်း အတူတကွ တက်ရောက်ခဲ့ကြသည်။ သို့သော် ချစ်သူသက်တမ်းနှစ်နှစ်အကြာတွင် ရုတ်တရက်လမ်းခွဲခဲ့ကြခြင်းဖြစ်သည်။

ဂျိုးနက်ခ်နှင့်ပတ်သက်သည့် အမှတ်တရအဖြစ် ကာလ်ပိုက "၂၀၁၄ မယ်စကြာဝဠာပွဲရဲ့ ဖျော်ဖြေပွဲမှာ ပရိသတ်ထဲကိုဆင်းပြီး ကျွန်မရှေ့မှာ ဒူးထောက်ကာ ကျွန်မအတွက် သီချင်းဆိုပေးခဲ့တယ်"ဟု ပြောသည်။

ကာလ်ပိုက ပရိသတ်များသည် သူ့အတွက် ဒဏ်ရာသက်သာစေသည့် ဆေးတစ်ခွက်ဖြစ်ကာ အားပေးသည့် ပရိသတ်များကို ကျေးဇူးတင်ရှိကြောင်းလည်း သူ၏တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။

**အေးပြည့်**

# ရုပ်မြင်သံကြားအစီအစဉ်များ

၂ - ၇ -၂၀၁၅ (ကြာသပတေးနေ့)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
- ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာဂီတရိပ်သာ (အပိုင်း-၈၆)
၆း၂၀ ပြည်သူ့နီတိ "ကျေးဇူးပဲလောကကြီးရေ"
၆း၄၀ ဝတ်စားဆင်ယင်မှုပြပွဲ
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၅၄)
၇း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၂)
၈း၃၀ တေးဂီတအစီအစဉ်
၈း၄၀ "သက်တံရောင်ရင်ခွင်" (ရဲအောင်၊ မြင့်မြတ်၊ ယုသန္တာတင်") (ဒါရိုက်တာ-မီးပွား)
၉း၅၅ ABU Radio Song Festival 2015
၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "မှော်ကဗျာရွှေရုပ်" (နန္ဒ၊သက်မွန်မြင့်၊ မေကဗျာ) (ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး))
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ ၆ နာရီ (၄) ကြိမ် ပြသပါမည်။**

## မြဝတီ

၆း၀၃ တရားတော်
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၀ မျိုးချစ်တပ်မတော်
၆း၄၅ မြန်မာသံစဉ် ချိုနားဝင်
၇း၁၀ အမျိုးသားရေး တေးကဗျာ
၇း၂၅ သင့်အတွက် တစ်နေ့တာ
၈း၁၅ ရွှေဟောင်းသုတ
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၅၅ လျှပ်တစ်ပြက်
၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၀ ဇာတ်လမ်းတို
၄း၄၅ ဗွီစီဒီကျော်ကြားတေး
၄း၅၀ မွေးမြူသုတ
၅း၁၀ သာယာသီကြေး ခေတ်ဆန်းတေး
၅း၂၀ မှော်အနုပညာ
၅း၃၅ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "အတိတ်ရဲ့ချစ်ခြင်း" (အပိုင်း-၅၂)
၆း၅၀ ရင်ခုန်လှုပ်ရှား အားကစား
၇း၀၀ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ပန်းခူးသူ ဆူးစူးပါစေ" (အပိုင်း-၅၈)
- ရှင်ဟွာရဲ့ ဂိမ်းကမ္ဘာ
- ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင် ပေါင်ချိန်" (ဒုတိယတွဲ) အပိုင်း(၅)

## MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော် +ဓဇဂ္ဂသုတ်
၅း၄၀ "လူမခိုးနိုင်တဲ့ ရတနာရွှေအိုး" တရားတော် (အရှင်ပညာသီဟာဘိဝံသ)
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၁၀)
၉း၄၀ အနုပညာမိုးကောင်းကင်
၁၀း၀၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ Food & Decor
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၄၁)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ"
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၅၈)
၃း၄၀ Key To Success 2015
၅း၅၀ Miss Myanmar World 2015
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၅၉)
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၁၁)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲက ရင်ခုန်သံ" (အပိုင်း-၄၂)

## mitv

- Great Shwedagon: The Historic Bells
- Pagoda Forest in Pa-O Land
- The Most Prominent Resort And Residence - Ngapali
- Next Weekend
- Products Of Myanmar - Craft Blacksmithing
- Egg Shell
- Myanmar Leading Lady "Naw Susanna Hla Hla Soe"
- Today Myanmar & ICT "Social Development and ICT"
- Hip-Hop and Design
- A Day Tour On A Cart (Bagan Trip)
- Wholesale Fish
- Today Myanmar "Reasons Behind Traffic and Accident"
- Tapestry- A Unique Combination Of Painting and Craftsmanship
- Local Tour Guide: Pho Khant
- 19 Hours
- Philatelic Pleasure
- Cruising To Precious Islands (Part-2)
- The Iron Rider
- Chef Life: Avi Bitton (Israeli Chef)
- Development Momentum Of Sittway
- Director: Kyi Phyu Shin
- A Way of Life: Karate-do
- Myanmar Masterclass: Artist Khin Maung Zaw




# ကိုပါအမေရိကဖလားဗိုလ်လုပွဲ အာဂျင်တီးနားနှင့် ချီလီတွေ့ပြီ

ချီလီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ် တစ်ပွဲအဖြစ် အာဂျင်တီးနားအသင်းနှင့် ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီးနားအသင်းက ပါရာဂွေးအသင်းအား ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

အာဂျင်တီးနားအသင်းသည် ၁၉၉၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကိုပါအမေရိကဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်မည့်လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။ အာဂျင်တီးနားအသင်းသည် ၂၀၀၇ ခုနှစ်က ကိုပါအမေရိက ဖလားပြိုင်ပွဲဗိုလ်လုပွဲကို နောက်ဆုံးတက်လှမ်းခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားအသင်းနှင့် ပါရာဂွေးအသင်းတို့၏ ကိုပါအမေရိကဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၁၅ မိနစ်တွင် မက်ဆီ၏ အလွတ်တည်ကန်ဘောမှ တစ်ဆင့် ရိုဂျိုက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ထို့ကြောင့် ပွဲကစားချိန် ၂၇ မိနစ်တွင် ပက်စတိုး၊ ၄၇ မိနစ်နှင့် ၅၃ မိနစ်တို့တွင် ဒီမာရီယာ၊ ပွဲကစားချိန်မိနစ် ၈၀ တွင် အဂူရိုနှင့် ပွဲကစားချိန် ၈၃ မိနစ်တွင် ဟီဂူအင်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပါရာဂွေးအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၄၃ မိနစ်တွင် ကာဆီရက်စ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားအသင်း၏ ၂၀၁၅ ကိုပါအမေရိကဖလားပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုကို ပြန်ကြည့်မည်ဆိုပါက အုပ်စုအဆင့်သုံးပွဲဖြစ်သည့် ပါရာဂွေးအသင်းနှင့် ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီသရေ၊ ဥရုဂွေးအသင်း၊ ဂျမေကာ အသင်းတို့နှင့် ပွဲစဉ်များတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ကိုလံဘီယာအသင်းနှင့် ကစားခဲ့သည့် ကွာတားဖိုင်နယ်အဆင့်တွင်မူ သာမန်ပွဲကစားချိန်အတွင်း ဂိုးမရှိသရေဖြစ်ခဲ့ခြင်းကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ငါးဂိုး-လေးဂိုးဖြင့် အာဂျင်တီးနားအသင်း အနိုင်ရရှိခဲ့သည်။

လက်ရှိတွင် အာဂျင်တီးနားအသင်းသည် ကိုပါအမေရိကဖလားပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် အိမ်ရှင်ချီလီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါပွဲစဉ်ကို ဇူလိုင် ၄ ရက်တွင် ဆန်တီယေဂို၌ ကျင်းပသွားမည်ဖြစ်သည်။

နိုင်လင်းကြည်

## ရီးယဲလ်မှ ထွက်ခွာရန် ရာမို့စ် ဆန္ဒမရှိ

မန်ယူက အလိုရှိနေသော ရီးယဲလ်နောက်ခံလူ ရာမို့စ်မှာ အမှန်စင်စစ် မိခင်ကလပ်အသင်းမှ ထွက်ခွာရန်ဆန္ဒမရှိဟု ၎င်း၏မိခင်ဖြစ်သူ ပက်ကီဂါစီယာက ပြောကြားခဲ့သည်။

လတ်တလော အပြောင်းအရွှေ့ဈေးကွက်တွင် ရာမို့စ်၏ အပြောင်းအရွှေ့သတင်းမှာ အလှုပ်ခတ်ဆုံးဖြစ်နေပြီး ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် မန်ယူက စပိန်နောက်ခံလူအတွက် ပြောင်းရွှေ့ကြေးယူရိုသန်း ၄၀ ဖြင့် ကမ်းလှမ်းခဲ့ရာ ရီးယဲလ်ဘက်မှ ပယ်ချခဲ့သည်။

ရီးယဲလ်က ရာမို့စ်အတွက်ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းအလိုရှိနေပြီး ယင်းပမာဏသည် ဗြိတိန်စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ခုဖြစ်သည့် မန်ယူက ဒီမာရီယာအား ခေါ်ယူခဲ့စဉ်က ပေးချေခဲ့ရသော ပေါင် ၅၉ ဒသမ ၇ သန်းထက်ပင် များနေသေးသည်။ ထို့ကြောင့် မန်ယူက နောက်ထပ်ဈေးမြင့်ကာ ထပ်မံကမ်းလှမ်းရန်ပြင်ဆင်နေသကဲ့သို့ ရာမို့စ်ကိုယ်တိုင်ကလည်း ပြီးခဲ့သည့် ဇွန်လအတွင်း ရီးယဲလ်တာဝန်ရှိသူများနှင့် အပြောင်းအရွှေ့အတွက် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။

သို့သော် ရာမို့စ်၏မိခင်ကမူ သားဖြစ်သူမှာ စပိန်တွင်သာ ဆက်ရှိနေရန်သေချာသည်ဟု အန်တင်နာသတင်းဌာနနှင့် အင်တာဗျူးပြုလုပ်စဉ် အခိုင်အမာပြောကြားခဲ့သည်။

**(မေလှဲ့သင်း)**

## ပယ်လီဂရီနီနေရာတွင် ဂွါဒီယိုလာဖြင့် အစားထိုးမည်

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီအတွင်းက ပရီမီယာလိဂ်ဖလား မဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းအနေဖြင့် ၁၂ လတာကာလအတွင်း လက်ရှိနည်းပြ ပယ်လီဂရီနီနေရာတွင် ဂွါဒီယိုလာဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

နည်းပြ ပယ်လီဂရီနီသည် လက်ရှိတွင် မန်စီးတီးအသင်းနှင့်အတူ လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုထားပြီး မန်စီးတီးအသင်းက ပယ်လီဂရီနီအား စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းထားခြင်းမရှိသေးကြောင်း သိရသည်။ **(ငွေကြယ်)**

# စံချိန်သစ်များနဲ့ ဟုပ်ဆိုလို...

၂၀၁၅ ကမ္ဘာ့ဖလားအမျိုးသမီးပြိုင်ပွဲ၌ အမေရိကန်ဘောလုံးအသင်းဗိုလ်လုပွဲအထိတက်ရောက်နိုင်ခဲ့ခြင်း၏ အဓိကသော့ချက်မှာ ဂိုးသမား ဟုပ်ဆိုလိုပင်ဖြစ်ပြီး အဖွင့်ပွဲစဉ်တစ်ပွဲမှလွဲ၍ ကျန်သည့်ပွဲများတွင် ပေးဂိုးတစ်ဂိုးမျှ ပေးခဲ့ရခြင်းမရှိပေ။ ဆိုလို၏ ပရော်ဖက်ရှင်နယ်သက်တမ်းတစ်လျှောက် ပေးဂိုးလုံးဝမပေးခဲ့ရသည့် ပွဲပေါင်း ၈၉ ပွဲအထိရှိခဲ့ကာ ၁၀ ပွဲမှာ ကမ္ဘာ့ဖလားပွဲစဉ်များဖြစ်သည်။

ယခုကဲ့သို့ ဆိုလို စံချိန်သစ်များရရှိခဲ့ခြင်းမှာ အမေရိကန်နောက်တန်းကစားသမားများဖြစ်သော ဂျူလီဂျွန်စတန်၊ ဆယ်လ်ဘရန်တို့၏ ကျစ်လျစ်သော ခံစစ်ကြောင်းက အဓိကကျခဲ့ပြီး ယခု ၂၀၁၅ ကမ္ဘာ့ဖလားပွဲစဉ် ခြောက်ပွဲကစားပြီးချိန်တွင် ဩစတြေးလျအသင်းကိုသာ တစ်ဂိုးပေးခဲ့ရပြီး မိနစ် ၄၅၀ ကျော်ကြာ ပေးဂိုးလုံးဝမရှိအောင် ကစားနိုင်ခဲ့သည်။

အမေရိကန်တူဒေးသတင်းစာက“ ဆိုလိုကဩစတြေးလျနှင့်အဖွင့်ပွဲစဉ်မှာ အသင်းအတွက်အရေးကြီးတဲ့ကာကွယ်မှုတချို့ကိုပြုလုပ်ခဲ့ပေမယ့်လည်း ဩစတြေးလျက လီဆာဒီဗားနားရဲ့သွင်းဂိုးတစ်ဂိုးကို ခွင့်ပြုခဲ့ရပြီးနောက်မှာတော့ ဂိုးဧရိယာပြင်ပအထိထွက်ပြီး ပြိုင်ဘက်အသင်းတွေရဲ့ ဘောလုံးလမ်းကြောင်းကို ကြိုတင်တွက်ဆကာ နိုင်ငံအသင်းကို ဗိုလ်လုပွဲအထိဆွဲတင်ပေးခဲ့တာဖြစ်ပါတယ်” ဟု ချီးကျူးရေးသားခဲ့သည်။

ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အကြိုဗိုလ်လုပွဲ၌ဂျာမနီကဲ့သို့တိုက်စစ်အင်အားအကောင်းဆုံးအသင်းအား ပေးဂိုးလုံးဝမရှိအောင်ကစားနိုင်ခဲ့ခြင်းမှာ ဆိုလို၏တည်ငြိမ်မှုကြောင့်ဖြစ်သည်ဟုလည်း အိမ်ရှင် ကနေဒါသတင်းများက ကျယ်ကျယ်ပြန့်ပြန့်ရေးသားဖော်ပြနေကြသည်။

အမေရိကန်အမျိုးသမီးဘောလုံးအသင်းသည် ကမ္ဘာ့ဖလားတွင် ချန်ပီယံ နှစ်ကြိမ်ဖြစ်ခဲ့ကာ ဂျာမနီအသင်းနှင့်အတူ သမိုင်းတစ်လျှောက် အောင်မြင်မှုအရရှိဆုံးအသင်းတစ်သင်းအဖြစ် ရပ်တည်နေသည်။ အမေရိကန်အသင်းသည် ၂၀၁၁ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအထိတက်ရောက်နိုင်ခဲ့သော်လည်း ဆိုလို လက်ဒဏ်ရာရရှိခဲ့ပြီးနောက်ပိုင်း ဂျပန်အား ချေပဂိုးတစ်ဂိုးပြန်ပေးခဲ့ရကာ ပင်နယ်တီအဆုံးအဖြတ်တွင်အရေးနိမ့်ခဲ့၍ ချန်ပီယံဆုနှင့်လွဲချော်ခဲ့ရသည်။ ဗိုလ်လုပွဲကို ဇူလိုင် ၆ ရက်တွင် ကျင်းပမည်ဖြစ်ရာ အင်္ဂလန်(သို့မဟုတ်)ဂျပန်အသင်း နှစ်သင်းအနက်မှ အနိုင်ရသည့်အသင်းနှင့် ဗန်ကူးဗားကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **(မေလှဲ့သင်း)**



## မီးလောင်ရာမှ နေအိမ်အတွင်းပိတ်မိနေသူနှစ်ဦး သေဆုံး

**လားရှိုး ဇူလိုင် ၁**

လားရှိုးမြို့၌ ဇွန် ၂၉ရက် ည ၁၀နာရီခန့်က နေအိမ်ဘုရားစင်တွင် ဖယောင်းတိုင်မီးထွန်းရာမှ အနီးရှိ ခါတ်ဆီပုံးသို့ မီးကူးစက်လောင်ကျွမ်းပြီး သားအမိနှစ်ဦး မီးလောင်ကျွမ်းကာ သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ယင်းနေ့ အခင်းဖြစ်ပွားချိန်က လားရှိုးမြို့ ရပ်ကွက်(၁) ပါရမီလမ်းသွယ်(၁၀)တွင် နေထိုင်သော ဒေါ်တင်တင်စိုး(၃၅)နှစ်၏ အိမ်တွင် မီးလောင်နေကြောင်း သတင်းရရှိသဖြင့် လားရှိုးမီးသတ်တပ်ဖွဲ့မှ သန္ဓေမီးငြိမ်းသတ်ယာဉ် သုံးစီး၊သန္ဓေမီးသတ် ၂၀၊ အရန်မီးသတ် ၂၀၊ ကြက်ခြေနီ၁၀ ဦးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ မိနစ်ပိုင်းအတွင်း မီးလောင်မှုကိုထိန်းချုပ်နိုင်ခဲ့သော်လည်း နေအိမ်အတွင်းပိတ်မိနေခဲ့သည့် ဒေါ်တင်တင်စိုးနှင့် သားဖြစ်သူ (၁၂)နှစ်အရွယ် မောင်နှစ်ဆန်းဇော်တို့နှစ်ဦးမှာ မီးလောင်ဒဏ်ရာများဖြင့် အခင်းဖြစ်နေအိမ်တွင် သေဆုံးခဲ့ပြီး သွပ်မိုး၊ ထရံကာ၊ မြေစိုက်အိမ်တစ်လုံးနှင့် ဆိုင်ကယ်တစ်စီးတို့ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

**ဟန်ငွေး (လားရှိုး)**

## မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် လူနေအိမ် ခုနစ်လုံး မီးလောင်

**စစ်ကိုင်း ဇူလိုင် ၁**

စစ်ကိုင်းမြို့နယ် ဇီးချောင်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ အမရပူရမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၂)ရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ် ၁၁စီး၊ ကျေးရွာနေပြည်သူများ ပူးပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါကျေးရွာနေ ဦးစိုးလွင်(၄၅)နှစ်၏ နေအိမ် မီးဖိုမီးကြွင်း မီးကျန်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်းသိရပြီး မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိဘဲ ဦးစိုးလွင်၏ နေအိမ်ပါ လူနေအိမ် ခုနစ်လုံးနှင့် စပါးတင်း ၅၀ မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဦးစိုးလွင်အား စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(ကြေးမုံ)**

## ပင်လောင်းမြို့နယ်တွင် ဘိန်းစိမ်း ၃ ဒသမ ၅ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း သံလွင်စစ်ဆင်ရေး စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်က မူးယစ်တပ်ဖွဲ့စု (၂၆) ပင်လောင်းနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်း-လွိုင်ကော်သွားကားလမ်း မိုင်တိုင်အမှတ် (၁၂/၀) တွင် ဟန်းစိန်ရွာမှ ဆောင်းပြောင်းရွာသို့ မောင်ခမ်း မောင်းနှင်ပြီး မောင်ဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်းထုပ် သုံးထုပ် (ဘိန်းစိမ်းအလေးချိန် ၃ ဒသမ ၅ ကီလို) သိမ်းဆည်းရမိသဖြင့် မောင်ခမ်း (၃၃)နှစ်နှင့် မောင်ဦး(ခ) ဆန်းဦး (၃၈) နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



**မောင်ခမ်းနှင့် မောင်ဦး (ခ)ဆန်းဦးတို့အား သိမ်းဆည်းရမိ ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။**

## အေးခဲကြက်သားများ သိမ်းဆည်းပြီး မြေမြှုပ်ဖျက်ဆီး

**နေပြည်တော် ဇူလိုင် ၁**

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ ကွပ်ကဲမှုအောက်ရှိ Mobile Team အဖွဲ့များအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးအတွက် အများပြည်သူစားသုံးရန် မသင့်လျော်သည့် FDA ထောက်ခံချက်မပါရှိသော တစ်ဖက်နိုင်ငံမှ အေးခဲအသားများအား ဖျက်ဆီးဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က အေးရှားဝေါလ်တိုးဂိတ်အနီး ရှောင်ကွင်းလမ်းအတွင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ထုတ်နုတ်အင်အား Mobile Team က တရားမဝင်သယ်ဆောင်ရန် စုပုံထားသော အေးခဲကြက်သား ၂၀၀ ကီလိုဂရမ်၊ ခန့်မှန်းတန်ဖိုး ကျပ် ၁၆ သိန်းအား စစ်ဆေးတွေ့ရှိသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုဖွင့် သိမ်းဆည်းခဲ့သည်။

အဆိုပါ အေးခဲကြက်သားများမှာ အများပြည်သူစားသုံးရန်မသင့်သည့် FDA ထောက်ခံချက်မပါရှိသော စားသောက်ကုန်ပစ္စည်းများဖြစ်သဖြင့် မူဆယ်(၁၀၅)မိုင် ကုန်စည်ပြပွဲကွင်းအတွင်း၌ ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်သည်အသင်းနှင့် သတင်းမီဒီယာတို့မှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များဖြင့် ဇွန် ၂၀ ရက် ညနေ ၃ နာရီက မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(မြန်/ဆက်)**



## မော်တော်ယာဉ် သုံးစီးအတွင်းမှ သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းအရွယ်စုံ သိမ်းဆည်းရမိ

**ရန်ကုန် ဇူလိုင် ၁**

တရားမဝင်ကုန်သွယ်မှု တားဆီးနှိမ်နင်းရေးဗဟိုကော်မတီ ကွပ်ကဲမှုအောက်ရှိ Mobile Team အဖွဲ့များအနေဖြင့် တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများ၊ ကန့်သတ်ကုန်ပစ္စည်းများအား အကောက်ခွန်အမှုတွဲဖွင့်လှစ်၍ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ခြင်း၊ လေလံတင်ရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိရာ လှုပ်ရှား-၁(နောင်ချို) Mobile Team အခြေပြုစစ်ဆေးသည့်နေရာသို့ ဇွန် ၁၁ ရက်က မန္တလေးမှ မူဆယ်သို့သွားရောက်မည့် 2E/----(Mark II)ယာဉ်အားစစ်ဆေးရာ ကျောက်စိမ်းတုံးအရွယ်စုံ ၁၁၅ ကီလိုကို လည်းကောင်း၊ ဇွန် ၁၁ ရက်တွင် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် 4J/------(Vigo)ယာဉ်အား စစ်ဆေးရာ ကျောက်စိမ်းတုံးအရွယ်စုံ ၇၀၅ ကီလိုကို လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့်5A/---- (Van)ယာဉ်အား စစ်ဆေးရာ ကျောက်စိမ်းတုံး အရွယ်စုံ၊ ကျောက်အပိုင်းပြားအရွယ်စုံ၊ ကျောက်ဖြတ်စ အရွယ်စုံ ၄၈၀ ကီလိုကိုလည်းကောင်း တရားမဝင် သယ်ဆောင်လာသည်ကို တွေ့ရှိရ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်အမှုတွဲများဖွင့်လှစ်၍ မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ မော်တော်ယာဉ် သုံးစီးနှင့် ကျောက်စိမ်းအလေးချိန် ကီလို ၁၃၀၀ တို့၏တန်ဖိုးမှာ ကျပ်သိန်း ၁၆၈၀ ခန့်ရှိကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**

## ကားနှင့်ဆိုင်ကယ်တိုက်မိ ဆိုင်ကယ်မောင်းသူ သေဆုံး

**တပ်ကုန်း ဇူလိုင် ၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် ဇွန် ၃၀ရက် ညနေ ၆နာရီက ကုန်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ၍ ဆိုင်ကယ်မောင်းသူ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေတာရှည်မြို့မှ ကိုကျော်နိုင်(၄၂)နှစ် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်နေသူ မောင်းနှင်လာသော 5D/--- မစ်ဆူဘီရှီမီးခိုးရောင်(၁၂)ဘီး ကုန်တင်ယာဉ်သည် တပ်ကုန်းမြို့တွင်း ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၂၇၆/၄ နှင့် ၂၇၆/၅ကြား အောင်စိုးမိုးလမ်းသွယ်လမ်းဆုံတွင် အောင်စိုးမိုးလမ်းသွယ်မှ ကိုသန်းနိုင်ဌေး (၂၉)နှစ် တပ်ကုန်းမြို့နယ် ရွှေးစု(တ) ကျေးရွာနေသူ မောင်းနှင်လာသော ၁၁ယ/ဖီကွန် 110ဆိုင်ကယ်နှင့်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူ ကိုသန်းနိုင်ဌေးမှာ ဦးခေါင်းကြေမွဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကိုသန်းနိုင်ဌေးအား အမှုဖွင့်ထားကြောင်းသိရသည်။

**တင်စိုးလွင်**

## တောဆင်ရိုင်းအနင်းခံရ၍ လူတစ်ဦးသေဆုံး

**နေပြည်တော် ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သလပ်ခွာသစ်တောကြိုးဝိုင်း အကွက်အမှတ်(၃၀)၌ ဇွန် ၂၉ ရက် နံနက် ၁၁ နာရီခန့်က လူတစ်ဦး တောဆင်ရိုင်းအနင်းခံရ၍ သေဆုံးကြောင်း သတင်းအရ သလပ်ခွာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာ သေဆုံးသူမှာ ပုသိမ်မြို့နယ် ငကွကျေးရွာနေ ဦးမောင်ချို(၄၈)နှစ်ဖြစ်ပြီး ၎င်းသည် ယင်းနေ့ နံနက် ၂ နာရီက သလပ်ခွာသစ်တောကြိုးဝိုင်းအကွက်အမှတ်(၃၀)ရှိ တောင်ယာတဲအတွင်း အိပ်ပျော်နေစဉ် တောဆင်ရိုင်းတစ်ကောင် ရောက်လာပြီး တဲအတွင်းရှိ ဆန်နှင့်မျိုးစပါးများကိုစားသောက်ကာ ဦးမောင်ချိုအား နင်းသဖြင့် ဦးမောင်ချိုတွင် ဒဏ်ရာများရရှိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ သလပ်ခွာနယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## ချဲထီလောင်းကစားသူအား ဖမ်းဆီးအရေးယူ

**မြစ်သား ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွာခိုင်ကြီးရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များသည် ဇွန် ၂၉ ရက် ည ၆ နာရီခွဲက အုန်းကုန်းကျေးရွာအနီး ရွာခိုင်ကြီး-လမ်းခွကျေးရွာသွားလမ်း၌ စောင့်ဆိုင်းနေစဉ် ဆိုင်ကယ် စီးနင်းလာသူ ရွာခိုင်ကြီးကျေးရွာနေ ဝင်းမြင့်အောင်(၃၁)နှစ်အား ရှာဖွေရာ ချဲထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများနှင့် လောင်းကြေးငွေကျပ် ၂၁၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ရွာခိုင်ကြီးရဲကင်းစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမများ မသုံးရ**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၁၈) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၅ ခုနှစ်၊ ဇူလိုင် လ (၁) ရက်နေ့

အခမဲ့ထုတ်ဝေသည်

**အထူးဆုကြီး ကျပ်သိန်း (၁၅၀၀) ဆု**

ယ-၈၅၃၃၃၁

**ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ**

ခ-၄၀၆၇၆၂ က-၆၅၈၁၂၆

**ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ**

ဌ - ၁၈၃၆၈၈
လ - ၄၃၁၃၉၄
ယ - ၆၀၁၆၀၉
ဝ - ၆၃၇၈၆၄
အ - ၉၆၅၄၅၈

**ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ**

မ - ၁၇၂၆၁၆
လ - ၆၄၅၀၁၀
ဖ - ၆၆၀၂၃၆
ဂ - ၆၆၁၆၇၀
ခ - ၇၃၀၆၈၉
ထ - ၇၃၇၅၅၄

**ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ**

ဒ - ၂၁၀၉၀၅
ကခ- ၂၇၃၄၃၇
ခ - ၃၁၆၀၀၉
ဈ - ၃၂၇၀၈၉
ခ - ၃၆၅၂၃၇
မ - ၇၈၄၁၈၈
ဌ - ၈၉၈၄၇၄

**ဆုတစ်ဆုစျင်းကျပ်သိန်း(၁၀၀)ဆုများ**

ယ - ၁၃၅၃၉၆
ပ - ၂၁၄၃၂၇
ဇ - ၄၂၂၅၅၂
တ - ၆၃၁၉၄၀
ရ - ၇၄၃၄၀၀
ဋ - ၇၅၉၁၄၈
မ - ၇၉၅၂၇၈
ဗ - ၈၀၆၈၉၃
ဗ - ၈၂၄၁၆၂
လ - ၈၃၂၇၁၀
ဍ - ၈၉၇၅၄၅
င - ၉၁၅၉၇၁
ဌ - ၉၂၂၅၄၄
ပ - ၉၃၆၆၅၅
ကခ - ၉၅၁၅၆၀
ဖ - ၉၆၄၁၁၅

**ဆုတစ်ဆုစျင်းကျပ်သိန်း(၅၀)ဆုများ**

ဆ - ၁၂၂၀၄၄
ရ - ၁၃၃၄၄၃
ခ - ၁၄၇၇၃၃
ဇ - ၁၄၈၉၉၁
ပ - ၁၈၅၂၈၆
ယ - ၁၉၉၉၁၆
က - ၂၇၈၆၄၂
ဝ - ၂၈၅၈၇၈
ကက-၂၉၅၈၇၂
ရ - ၃၃၀၀၆၀
ဝ - ၃၆၇၈၈၀
ဈ - ၃၇၆၉၇၁
လ- ၄၆၂၂၇၃
ရ - ၄၉၂၈၇၆
ဋ - ၅၇၅၃၆၈
ဍ - ၅၈၀၃၀၃
ဌ - ၆၂၂၀၈၉
ဆ- ၆၃၉၄၆၈
အ- ၆၅၄၃၀၇
စ - ၉၂၆၉၉၁

**ဆုတစ်ဆုစျင်းကျပ်သိန်း(၂၅)ဆုများ**

အ- ၁၅၀၅၃၂
ဍ - ၁၆၄၄၅၆
ဈ - ၂၁၇၈၂၉
စ - ၂၂၇၀၈၀
ခ - ၃၃၃၇၂၅
ယ- ၃၇၀၅၁၈
ဟ- ၃၉၆၃၄၆
ဌ - ၄၅၁၇၆၁
ခ - ၄၇၄၈၅၃
ဖ - ၄၇၅၈၆၆
ဍ - ၅၀၁၁၀၆
ကခ-၅၄၂၇၀၀
ခ - ၅၄၆၅၇၅
ခ - ၅၈၀၅၂၇
ခ - ၆၁၇၇၀၅
ည- ၆၃၆၆၇၆
ဈ - ၇၈၃၅၉၄
ဋ - ၈၁၄၃၈၈
ပ - ၉၁၅၆၆၅
ဒ - ၉၇၇၁၈၈

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၁၀)သိန်းဆုများ

| | | |
|---|---|---|
| အ - ၁၁၇၈၄၇ | ရ - ၄၁၆၉၆၅ | ဋ - ၆၉၇၅၁၀ |
| ဋ - ၁၄၀၅၈၅ | တ - ၄၂၉၀၈၅ | အ - ၇၂၄၉၅၅ |
| ခ - ၁၈၈၁၆၃ | ထ - ၄၅၈၅၂၀ | ဒ - ၇၂၅၅၂၃ |
| ပ - ၁၈၈၅၈၅ | ဖ - ၄၈၄၂၉၀ | ည - ၇၄၀၆၁၁ |
| ဟ - ၁၉၈၄၄၄ | ကခ - ၄၉၂၅၀၁ | ဆ - ၇၄၆၄၉၉ |
| ယ - ၂၃၃၉၆၈ | ယ - ၄၉၉၉၈၁ | ဍ - ၇၆၉၉၉၃ |
| သ - ၂၄၇၆၇၀ | ခ - ၅၀၅၈၄၀ | ဘ - ၇၈၅၉၀၃ |
| ပ - ၂၆၅၄၇၄ | င - ၅၁၉၃၇၂ | ရ - ၈၆၃၁၉၃ |
| ည - ၂၆၆၁၅၁ | ရ - ၅၂၉၁၅၈ | ဆ - ၈၉၄၉၁၉ |
| ဝ - ၂၈၀၂၀၄ | င - ၅၆၂၂၀၅ | ယ - ၉၁၄၀၀၈ |
| ဌ - ၂၈၃၄၉၈ | ဈ - ၅၆၇၈၄၁ | ကခ - ၉၂၀၄၈၉ |
| ဓ - ၂၉၇၃၉၆ | မ - ၅၇၉၂၄၃ | ဋ - ၉၃၉၆၇၇ |
| ပ - ၃၃၀၁၀၅ | ရ - ၆၃၃၄၀၂ | ယ - ၉၅၈၂၇၀ |
| စ - ၃၅၈၁၀၅ | ဟ - ၆၃၈၄၅၇ | တ - ၉၈၄၈၇၅ |
| တ - ၃၆၆၇၆၁ | ဍ - ၆၄၄၈၁၆ | သ - ၉၉၀၆၉၈ |
| ကခ - ၃၈၀၅၀၈ | အ - ၆၈၆၆၄၀ | အ - ၉၉၅၆၉၄ |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၅)သိန်းဆုများ

| | | |
|---|---|---|
| ဌ - ၁၂၀၃၆၁ | ကခ - ၃၅၉၃၉၁ | ဘ - ၇၈၄၈၅၃ |
| န - ၁၃၇၆၉၄ | ဈ - ၃၈၀၄၃၀ | ဈ - ၇၉၈၅၇၃ |
| ဍ - ၁၇၁၃၉၄ | င - ၄၁၈၀၇၈ | က - ၈၂၀၀၁၁ |
| ဌ - ၁၇၂၉၉၃ | ထ - ၄၄၃၇၁၉ | အ - ၈၂၄၀၀၂ |
| ဘ - ၁၇၄၅၂၁ | ဓ - ၄၆၀၉၇၃ | ည - ၈၄၀၁၇၁ |
| သ - ၁၈၀၇၂၂ | ဋ - ၄၉၈၀၅၂ | ဍ - ၈၅၀၁၂၈ |
| ဋ - ၁၈၂၇၇၁ | ခ - ၅၃၃၉၈၈ | ဏ - ၈၅၀၈၅၂ |
| လ - ၁၈၅၈၉၄ | ည - ၅၄၃၁၇၄ | ဆ - ၈၅၉၅၆၇ |
| လ - ၁၉၂၁၆၁ | ဟ - ၅၆၄၉၈၇ | ဎ - ၈၇၂၀၉၈ |
| တ - ၁၉၄၉၃၇ | ဂ - ၅၇၅၁၂၈ | ဆ - ၈၇၆၃၁၃ |
| ယ - ၂၀၁၇၇၂ | မ - ၅၈၁၀၀၂ | ဆ - ၉၀၆၇၉၃ |
| မ - ၂၁၈၉၃၅ | ဝ - ၅၈၇၃၅၃ | ယ - ၉၀၉၆၂၈ |
| ကက - ၂၂၃၆၃၉ | ည - ၅၉၂၆၃၉ | ခ - ၉၁၂၄၇၃ |
| ပ - ၂၃၂၉၇၇ | ည - ၆၀၁၄၈၁ | က - ၉၂၁၂၅၇ |
| စ - ၂၃၈၆၃၄ | မ - ၆၂၅၆၄၇ | ဘ - ၉၂၈၅၃၂ |
| ဂ - ၂၄၉၆၈၃ | က - ၇၁၅၇၄၄ | ည - ၉၂၉၃၉၃ |
| ဏ - ၂၉၂၀၈၂ | ဒ - ၇၁၈၄၆၃ | ရ - ၉၆၂၉၀၅ |
| ကက - ၃၁၁၈၂၈ | ဈ - ၇၂၉၄၉၆ | ဓ - ၉၈၅၁၅၉ |
| ခ - ၃၃၈၁၇၇ | ည - ၇၈၀၉၁၂ | |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ(၃)သိန်းဆုများ

| | |
|---|---|
| ယ - ၁၀၂၉၄ | ဘ - ၆၉၅၁၅ |
| ဖ - ၁၈၃၈၉ | ဗ - ၇၅၀၀၁ |
| အ - ၃၀၄၃၂ | ရ - ၈၀၁၃၂ |
| ဏ - ၄၇၄၀၃ | ဝ - ၈၁၈၉၆ |
| ဍ - ၆၈၄၉၂ | ယ - ၉၈၃၈၁ |

**အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ နောက်ဂဏန်း(၁)လုံးလွဲ ကျပ်(၃)သိန်း**

## ဝေဝေဆာဆာပဒေသာ(၂)သိန်းဆုများ

| | |
|---|---|
| န - ၃၈၆၀ | ည - ၈၅၀၅ |
| ပ - ၃၈၈၇ | ဟ - ၈၅၃၅ |
| ဇ - ၃၉၄၈ | ခ - ၈၉၆၇ |
| ဆ - ၄၆၀၅ | ဇ - ၉၁၂၇ |
| က - ၈၁၈၁ | ဈ - ၉၄၇၇ |

**အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ နောက်ဂဏန်း(၂)လုံးလွဲ ကျပ်(၂)သိန်း**

## ဝေဝေဆာဆာပဒေသာ(၁)သိန်းဆုများ

လ - ၃၃၅

ဍ - ၅၀၈

ပ - ၈၇၃

ကခ - ၉၂၂

**အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ နောက်ဂဏန်း(၃)လုံးလွဲ ကျပ်(၁)သိန်း**

## ဝေဝေဆာဆာပဒေသာ(၅)သောင်းဆုများ

ဗ - ၁၀

ဈ - ၆၁

ဒ - ၇၄

**အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ နောက်ဂဏန်း(၄)လုံးလွဲ ကျပ်(၅)သောင်း**

ဗ-၁၀၁၂၅၀ ဗ-၁၀၃၃၉၈

**(ပုံနှိပ်စဉ်ကပင် ပါဝင်ခြင်းမရှိသည့် ဗ-၁၀၀၀၀၀ နှင့် ဗ-၁၀၀၀၀၁ ဂဏန်းများအတွက် အစားထိုးဖွင့်လှစ်ပေးသည့် ပေါက်ဂဏန်းများဖြစ်ပါသည်။)**

၁။ ဖွင့်လှစ်ခဲ့သော (၃၁၈)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီအုပ်ရေ ( ၂၈၆၃၆၃၀ ) အားရောင်းချပေးခဲ့ရာ ရောင်းရငွေကျပ် ( ၅၇၂၇၂၆၀၀၀၀ ) ရရှိခဲ့ပြီး၊ ၎င်းမှ ( ၆၀ ) ရာခိုင်နှုန်းဖြစ်သော ကျပ်( ၃၄၃၆၃၅၆၀၀၀ )ကို ဆုမဲပေါင်း (၃၅၂၈၁) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၅ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့တွင် ဖွင့်လှစ်မည့် (၃၁၉) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် အက္ခရာ (၃၆)လုံး ကုန်စင်အောင်ရောင်းချ ရပါက ဆုမဲပေါင်း (၃၆၂၈၀)ဆု ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၃။ အောင်ဘာလေထီ ဝယ်ယူကံစမ်းမည့်သူများအနေဖြင့် (၃၁၉) ကြိမ် အတွက် ၃-၇-၂၀၁၅ ရက် မှစတင်၍ ထီစာအုပ်ကုန်စင်သည်အထိအမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်ရှိအောင်ဘာလေသိန်းဆုဌာနခွဲတွင် ထီလက်မှတ် (၁၁)စောင်ပါ ထီစာအုပ်တစ်အုပ် ကျပ်(၂၀၀၀)နှုန်းဖြင့်တစ်ဦးလျှင် ထီစာအုပ် (၁)အုပ် မှ ထီစာအုပ် (၁၀)အုပ်ထိ နိုင်ငံသားကတ်မှုရင်းနှင့် မိတ္တူတင်ပြပြီး ငွေသားလက်ငင်းပေးချေ၍ လွတ်လပ်စွာ ဝယ်ယူကံစမ်းနိုင်ပါသည်။

<u>ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၉- ၇- ၂၀၁၅ )</u>

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ်လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်းမူရင်း/ မိတ္တူ ၊ ၂" × ၃" ဓာတ်ပုံ (၃) ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား **www.irdmyanmar.gov.mm** တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ခေတ်မီသပ်ရပ်သော မော်တော်ကားဂိုဒေါင်မှာ အိမ်နှင့် တွဲလျက်ရှိသည်။ အိမ်နှင့် မလှမ်းမကမ်းတွင် နှစ်ခန်းတွဲ အိမ်ဖော်အလုပ်သမား တန်းလျားတစ်ခုလည်းရှိ၏။ ခြံဝင်းမှာ အတန်ကျယ်၍ ဂျပန်မျိုးသန့်မြက်ခင်းနှင့် စံပယ်၊ နှင်းဆီ၊ ဒေလီယာတို့ ပွင့်ဖူးနေသော ဥယျာဉ်လည်းပါ၏။ ခြံဝင်းဝ တံခါးဖြူတို့ တစ်ဖက်တစ်ချက်၌ ဖြူဖွေးဖြောင့်တန်းသော ပင်စည်၊ ရှည်သွယ်စိမ်းမြသော အရွက်တို့နှင့် တင့်တယ်လှပသော ယူကလစ်တပ်(စ်) ပင်ပျိုတစ်စုံစီရှိကြ၏။

တောင်ကြီးမြို့၏ ကျက်သရေဆောင်ဖြစ်သော တောင်ချွန်းရှိအပ်သည့် တောင်တန်းမြင့်သည် ကျွန်တော့်အိမ်ပေါ် စီးမိုးလျက် တည်ရှိနေသည်။ တောင်ခြေရှိ ထင်းရှူးတောတို့ သင်းရနံ့သည် လေလာတိုင်းမွှေးပျံ့လျက် အိမ်ဆီသို့ လွင့်လာတတ်သည်။

ဖေဖေသည် စိတ်တိုင်းကျအိမ်ကို ငှားပေးထားပြီး ပွန်ချောင်းရှိ ဦးဇင်းနှင့်အတူ သုံးရက်ခန့်သွားနေသည်။ ဦးဇင်းအပေါ် ဖေဖေ သံယောဇဉ်ကြီးသည်မှာ မဆန်း။ ဖေဖေနှင့် ဦးဇင်းမှာ ဖက်ဆစ်ဂျပန်၏ လောကငရဲခန်းတွင် အတူ ခံခဲ့ရဖူးသောသူများ မဟုတ်ပါလော။

ဖေဖေသည် သန်လျင်သို့ ပြန်သွားပြီးနောက် ကျွန်တော့်အိမ်ကို စီမံအုပ်ချုပ်ရန် ကိုမောင်ညိုနှင့် မမေစန်းတို့ကို လွှတ်လိုက်သည်။ ပီယာနိုကြီးအပြင် ဖီးယက်ကားကလေးတစ်စီးကိုပါ ပို့ပေးလိုက်၏။

ဆယ့်သုံးနှစ်သားရှိပြီဖြစ်၍ ခြောက်တန်းရောက်နေသောမမေစန်းနှင့် ကိုမောင်ညိုတို့၏ တစ်ဦးတည်းသောသား "မောင်"လည်းပါကာ ကမ္ဘောဇ ကောလိပ်၌ ကျောင်းဆက်တက်၏။ ကျွန်တော့်ဘဝမှာ အစစ အဆင်ပြေနေသည်။ ငြိမ်းမောင် ပြောသကဲ့သို့ပင် ကျွန်တော်သည် ဤလောကမှ ထာဝစဉ် "ရ"နေသူ ဖြစ်ပါလေ၏။

တောင်ကြီးမြို့ ရောက်ကတည်းက ကျွန်တော်နှင့် လှိုင်သည် ခွဲမရအောင် တတွဲတွဲရှိနေကြသည်။

ငယ်စဉ်ကလေးဘဝမှစ၍ ကျွန်တော့်လက်ပေါ် ကြီးခဲ့သူ လှိုင့်အပေါ် ရှိရင်းစွဲ သံယောဇဉ်သည် ဘဝတူအလုပ်တူဖြစ်သောကြောင့် ပိုမိုကြီးခဲ့ရ၏။ နွဲ့ဆိုး ဆိုးနိုင်ခွင့်ရှိလျက်က မနွဲ့မဆိုးဘဲ ချစ်စနိုးဖွယ်မူယာအကျင့်ကလေးများကြောင့် သနားစိတ်လည်း ပိုခဲ့ရပါ၏ . . .။ ပိုခဲ့ရပါ၏။

အေးချမ်းရိုးသားသော တောင်ကြီးမြို့၏ လူမှုပတ်ဝန်းကျင်၌ ထူးထူးဆန်းဆန်း ပျော်ပါးဖွယ် ပွဲလမ်းသဘင်များ မရှိ။ အားလပ်နားနေချိန်တိုင်း လှိုင်နှင့် ကျွန်တော်သည် ရုပ်ရှင်အတူကြည့်ကြသည်။ ကျွန်တော်က ဘဝသရုပ်ဖော်နှင့် အလွမ်းဇာတ်ကားများကို ကြိုက်သည်။ လှိုင်က ဟာသနှင့် စုံထောက်ကားများကို နှစ်သက်သည်။ တစ်ဦးအကြိုက် တစ်ဦးလိုက်ကြည့်ရာမှ တစ်ဦးကြိုက်သည်ကို တစ်ဦးက နှစ်ခြိုက်လာခဲ့ကြ၏။

ကျွန်တော့်ကားလေး ရောက်ပြီးသောအခါ၌ကား လှိုင်နှင့်ကျွန်တော်အတွက် လည်ပတ်ဖွယ်နေရာ တိုးတိုးလာခဲ့သည်။ ကလောကို ဆင်းသည့်အခါ ဆင်းကြသည်။ နာမည်ကျော် ပင်းတယလိုဏ်ဂူများဆီသို့ ဘုရားဖူးသွားသည့်အခါ သွားကြသည်။ အင်းလေးကန်တော်ဆီကိုမူ မကြာခဏ ရောက်ကြ၏။ ဘယ်မျှသွားစရာမရှိလျှင် လှိုင်က ကျွန်တော့်အိမ်သို့လာ၍ သူတတ်သရွေ့ မှတ်သရွေ့ကို စီမံချက်ကျွေးတတ်၏။ လှိုင့်လက်ရာကို မမေစန်းလက်ရာထက် သာသည်ဟု ကျွန်တော်က မှတ်ချက်ချသော် လှိုင်သည် ထုံးစံအတိုင်း "တော်တော် ပိုတဲ့ အစ်ကိုမောင်ကြီး "ဟု ဆိုလေ့ရှိသည်။

လှိုင်က ဂီတကို ဝါသနာ မပါလှ။ ကျွန်တော်ကမူ ယခုအထိ ဂီတနှင့်ကင်း၍ မနေတတ်သေး။

" ကိုကိုမောင်က ဘာလို့ ဂီတ ဝါသနာပါရတာလဲ "

လှိုင်သည် တစ်ကြိမ်က မေးဖူးသည်။

" ဩော် . . . လှိုင်ရယ် . . . တစ်ခုခု ဝါသနာပါတာကို ဘာလို့ ဝါသနာပါတယ်လို့ ဘယ်လိုလုပ်ပြောပြနိုင်မလဲ . . . "

" မဟုတ်ဘူးလေ၊ ကိုကိုမောင်က ဆရာဝန်ကြီး မဟုတ်လား။ ဆရာဝန်နဲ့ ဂီတဟာ ဆက်စပ်နေတာကို လှိုင် အံ့ဩလို့ပါ "

" ဆရာဝန်နဲ့ ဂီတ ဆက်စပ်နေတာ အံ့ဩစရာ မဟုတ်ဘူး လှိုင်။ ဖေဖေလည်း ဂီတကို သိပ်မြတ်နိုးတာပဲ။ ပြီးတော့ အစ်ကိုမောင်တို့ ဆရာကြီး ဒေါက်တာဦးဘသန်းဆိုရင် ပတ္တလားတစ်လုံးနဲ့ ပျော်နေတယ်လေ။

သူ ပန်းမြိုင်လယ် ဖိန်းချားကြီးကို ရှင်းပြတာဟာ ဆာဂျရီလက်ချာပေးတာထက် ပိုကောင်းတယ် . . . "

လှိုင်သည် တစ်စုံတစ်ခုကို သတိရဟန်ပြုံးပြီးဆို၏။

" ဟုတ်တယ် . . . လှိုင်တို့ကိုလည်း သူတစ်ခါ ပြောပြဖူးတယ်။ ဆရာဝန်ဆိုတာ နှလုံးသား နူးညံ့ရမယ်တဲ့၊ နှလုံးသားနူးညံ့အောင် ဂီတထက် အထောက်အပံ့ပြုတာ လောကမှာ မရှိဘူးတဲ့၊ လှိုင်တို့ကတော့ သူ့ကိုလေးစားတာနဲ့သာ နားထောင်နေရတာ သဘောကတော့ သိပ်မပေါက်ပါဘူး . . . "

လှိုင်သည် ရိုးသားစွာ ဝန်ခံသဖြင့် ကျွန်တော်က စိတ်ရှည်စွာ ရှင်းပြမိ၏။

" ဆရာကြီးပြောတာ အမှန်ပဲ လှိုင်၊ ဂီတဟာ နှလုံးသားကို နူးညံ့စေတယ်။ ပြီးတော့ ဂီတကိုနားမလည်ရင် ပညာတတ်တစ်ယောက်ဟာ ပညာတတ် ပြည့်ပြည့်ဝဝတစ်ဦး မဟုတ်သေးဘူး။ လှိုင် လက်ခံနိုင်ပါ့မလား "

" အို . . . ဘာဖြစ်လို့ . . . "

" ဘာဖြစ်လို့ ဆိုတာကို ရှင်းမပြခင် လှိုင် တစ်ခုစဉ်းစားကြည့်စမ်း . . .။ ရာစုနှစ် တစ်ခေတ်မှာတစ်ယောက်အဖြစ်သာ ထွန်းတဲ့ သိပ္ပံပညာကျော်ကြီး ပါမောက္ခ အိုင်းစတိုင်းဟာ သူ့တယောလေး သူထိုးပြီး ဂီတနဲ့ ပျော်တတ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးပဲ။ ပြီးတော့ လှိုင် ကောင်းကောင်းသိခဲ့တဲ့ ခန္ဓာဗေဒကိစ္စနဲ့ ရူပဗေဒပညာရှင်ကြီး ဟင်း(မ်)ကော့(တ်)ဟာလည်း ဂီတ မြတ်နိုးသူကြီးတစ်ဦးပဲ။ အခု ကမ္ဘာသုံး ဂီတသင်္ကေတသံစဉ်စနစ်ဟာ ဟင်း(မ်)ကော့(တ်) တီထွင်ပေးခဲ့တာပဲ "

လှိုင်သည် မျက်လုံးပြာပြာလဲ့လဲ့များဖြင့် ကျွန်တော့်ကို ကြည့်ရင်း ငြိမ်နားထောင်နေသည်။

" ဒီသိပ္ပံပညာရှင်ကြီးတွေဟာ ဘာကြောင့် ဂီတကို တန်ဖိုးထားကြသလဲ။ အဖြေကတော့ ရှင်းတယ်။

ဝိုမိုအူနီဗာဆားလေ ( Uomo Universale )လို့ လက်တင်လိုခေါ်တဲ့ ပြည့်ဝတဲ့ လူသားကြီးတွေ ဖြစ်လို့ပဲ "

" အဲဒီ ပြည့်ဝတဲ့လူသားဆိုတဲ့ စကားအဓိပ္ပါယ်က ဘာလဲ ကိုကိုမောင် "

" ပြည့်ဝတဲ့ လူသားဆိုတာ နွားခြေရာခွက်ထဲက ဖားလိုလူ မဟုတ်ဘူးလို့ ဆိုလိုတယ်။ ဖီလိုဆိုဖီအမြင်နဲ့ ကြည့်ရင် တစ်ခုနဲ့ တစ်ခု မှီငြမ်းမပြုဘဲ သီးသန့်စစ်မှန်စွာ တည်နေတဲ့ ပရမတ်တရားကြီးသုံးဆူရှိတယ်။ တစ်ဆူက သစ္စာတရား၊ တစ်ဆူက လှပတင့်တယ်ခြင်း၊ တစ်ဆူက ချစ်ခြင်းမေတ္တာ။ လူပြိန်းတွေအနေနဲ့ ဒီတရားသုံးဆူကို အလွယ်တကူ သိတယ်လို့ ဆိုကောင်းဆိုမယ်။ အမှန်စင်စစ်က ဒီတရားသုံးဆူရဲ့ အဆုံးအစနဲ့ သဘောဓမ္မကို သိကြဖို့က မလွယ်ဘူး "

" အဲဒါနဲ့ စောစောက အစ်ကိုမောင် ပြောနေတာတွေနဲ့ဟာ ဘာဆိုင်လို့လဲ "

" ဆိုင်တယ် လှိုင်၊ သိပ္ပံပညာနဲ့ သိပ္ပံပညာရှင်တွေဟာ သစ္စာတရားလောက်ကိုသာ သိတာ။

အကြမ်းစားသစ္စာကိုပေါ့လေ။ ကျန်တဲ့တရားတွေကို ခန့်မှန်းသိနိုင်ဖို့က ဂီတအပါအဝင် ဝိဇ္ဇာအနုပညာတွေကို ဆည်းပူးလေ့လာဖူးမှ ဖြစ်မယ်။ နို့မို့ဖြစ်ရင် ကာမအာရုံနဲ့ လှပတင့်တယ်ခြင်းကို မခွဲခြားတတ်သလို ပေမတဏှာနဲ့ ချစ်ခြင်းမေတ္တာကိုလည်း ရောထွေးတတ်ကြတယ် "

လှိုင်သည် အပြုံးလေးရပ်ကာ ပါးစပ်လေးပွင့်လျက် ကျွန်တော့်ကို စူးစိုက်ကြည့်နေရှာ၏။

"လှိုင် အစ်ကိုမောင့်ကို ဘာလို့ကြည့်နေတာလဲ "

ထိုအခါမှ လှိုင်သည် ပြန်ပြုံး၏။

" အစ်ကိုမောင် ပြောနေတာကို သဘောကျလို့ရယ်ပေါ့ ရှင်ရယ်။ အစ်ကိုမောင်က ဒီလိုဆိုတော့ ဖီလိုဆိုဖာကြီး ကျနေတာပဲ။ အစ်ကိုမောင် အပြောကောင်းတာနဲ့ လှိုင်တောင် ဂီတကို သင်ချင်လာပြီ . . . "

"လှိုင် တကယ်ပြောတာလား "

" တကယ်ပြောတာပေါ့ . . .။ အစ်ကိုမောင်က လှိုင့်ကို သင်ပေးမလား . . . "

" ဩော် . . . လှိုင်ရယ် . . . လှိုင် တတ်ချင်တယ်ဆိုရင် အစ်ကိုမောင်က သင်ပေးရမှာပေါ့ . . . မဟုတ်ဘူးလား"

" ဟွန်း . . . ပိုပြန်ပြီ၊ သိပ်ပိုတဲ့ အစ်ကိုမောင်ကြီး "

လှိုင့်အပြောလေးကြောင့် ကျွန်တော်သည် ကျေနပ်စွာ ရယ်လိုက်ရသည်။

ထိုနေ့မှစ၍ လှိုင့်ကို ကျွန်တော်က ပီယာနို သင်ပေးသည်။ သီချင်းကြီးများကိုလည်း စည်းဝါးနှင့် ဆိုတတ်အောင် သင်ပေးသည်။ လှိုင်ကလည်း စိတ်ပါဝင်စားစွာ သင်ယူသည်။

လှိုင်သီချင်း အတန်အသင့် ဆိုတတ်လာသောအခါ ကျွန်တော် အထူးပျော်ရွှင်မိသည်။ လှိုင့် သီချင်းဆိုဟန်မှာ ကျွန်တော် ကောင်းစွာမှတ်မိသော ငယ်စဉ်က မြိုင်၏ ဆိုဟန်ကဲ့သို့ သာယာ၍ အမူအယာလှပတင့်တယ်သည်။

မြိုင်ကို သတိရမိလေမှ တခြားတစ်ယောက်ကိုပါ သတိရလာမိသည်။ ထိုအခါမျိုး၌ သက်ပြင်းကိုသာချရပါ၏။

လှိုင်နှင့် ကျွန်တော်တို့ နှစ်ဦးလုံးသည် လမ်းလျှောက်လည်း ဝါသနာပါကြသည်။

လှိုင်က ဆေးရုံဝင်းအတွင်း သူ့အတွက် ရရှိသော အိမ်တွင် အဖော်ဆရာမလေးနှစ်ဦးနှင့်အတူနေသည်။ ကျွန်တော့်အိမ်နှင့် ဆေးရုံကြီးမှာ နှစ်မိုင်နီးပါးခန့် ဝေးသည်။

ညနေတိုင်း၌ အလုပ်တာဝန် မရှိကြလျှင် ကျွန်တော်က လှိုင့်ကို ကားလေးနှင့် သွားခေါ်သည်။

အိမ်ရောက်လျှင် ပီယာနိုတီး၍ သီချင်းဆိုသည့်အခါ ဆိုကြသည်။ အေးအေးလူလူ လမ်းလျှောက်ထွက်ကြသည့်အခါ ထွက်ကြသည်။ တောနံ့ တောင်နံ့တို့ မွှေးသော တောင်ကြီးမြို့မှာလည်း လမ်းလျှောက်၍ အလွန်ကောင်းသည်။

ကျွန်တော့်ခြံဦးမှ လမ်းလေးတစ်သွယ်သည် တောင်ခြေတောတွင်းသို့ ဝင်သွားသည်။ တောင်နံရံနှင့် ချောက်ကြားမှ ကွေ့ကာဝိုက်ကာ မြောင်ဆွယ်၍တောင်တန်းအဆုံးအထိ ခရီးရှိသည်။ ဤလမ်းကလေးမျိုးကို တောင်ကြီးမြို့သူမြို့သားများက မီးတားလမ်းဟု ခေါ်ကြသည်။ တောမီးလောင်လျှင် မြို့ဆီ အလွယ်တကူ မကူးနိုင်ရန် တားခြားထားသော လမ်းကလေးများ ဖြစ်ကြ၏။ အောက်အရပ်မှ လာလည်သူများကမူ ချစ်သူ လမ်းကြားဟု ခေါ်ကြ၏။ ဤနာမည်သစ်ကို တောင်ကြီးသူကို ယူသွားသော စာရေးဆရာ သော်တာဆွေပေးသွားသည်ဟု အချို့က ပြောကြသည်။

လှိုင်နှင့် ကျွန်တော်တို့သည် မီးတားလမ်းအတိုင်း လျှောက်၍ ကျောက်ဆောင်တစ်ခုခုထက်တွင် ရပ်နားလျက် လှပသောမြို့၏ ရှုခင်းကို ကြည့်သည့်အခါ ကြည့်သည်။ ရှမ်းကောင်စီလမ်းအတိုင်း ဆင်း၍အနောက်ဘက် တောင်ရိုးပေါ်ရှိ လွမ်းစေတီဆီသို့ သွားသည့်အခါ သွားသည်။

တစ်ညနေတွင် လှိုင်နှင့် ကျွန်တော်သည် လွမ်းစေတီဘက်သို့ သွားရန် ထွက်ခဲ့ကြသည်။ ကျွန်တော့်ခြံဝင်းအပြင်ဘက် လမ်းဘေးမှစ၍ မြက်ခင်းတို့တွင် အလေ့ကျပေါက်သောပန်းတို့ ဖူးပွင့်ဝေစည်နေ၏။ သစ္စာပန်းဖြူသစ္စာပန်းဝါတို့လည်း ပွင့်နေသည်။ တစ်ထပ်ဒေလီယာ၊ နှစ်ထပ်ဒေလီယာတို့လည်း ရှိနေ၏။ အခြားအမည်မသိသော ပန်းရိုင်း ပန်းယဉ်တို့လည်း ပန်းမွေ့ယာခင်းသည့်နှယ် ရောင်စုံဝင်းနေကြ၏။ ငြိမ်လျှောက်ရာမှ လှိုင်သည် . . .။

" ဟော . . . ဟိုမှာ "ဟု ဆို၍ မြက်ခင်းစပ်သို့ ကပ်သွား၏။

" ဘာလဲ . . . လှိုင် . . . "

လှိုင်သည် လမ်းဘေးမြက်တို့ကြားရှိ အပင်ငယ်တစ်ပင်မှ အရွက်တစ်ရွက်ကို ခူးယူလိုက်သည်။

"ဒီမှာကြည့်စမ်း အစ်ကိုမောင် . . . စွယ်တော်ရွက်ကလေး . . . "

ကျွန်တော်က လှိုင် ပြသည်ကို ထိတ်လန့်တကြား လှမ်းကြည့်မိ၏။

မှန်သည်။ စွယ်တော်ရွက်တစ်ရွက်တည်း။ နှစ်လွှာပေါင်း၍ တစ်ရွက်ဖြစ်နေသော စွယ်တော်ရွက် တစ်ရွက်တည်း။

" ကြည့်စမ်း အစ်ကိုမောင် . . . စွယ်တော်ပင်ကလေးတွေမှ အများကြီးပဲ။ ဟိုမှာတစ်ပင်၊ ဟောဟိုမှာ တစ်ပင်. . . "

ယခင်ကမူ သတိမမူ၊ မမြင်မိ။ ယခု လှိုင်ပြမှ ကျွန်တော့်ခြံဝင်းဆီအထိ လမ်းဘေးရေမြောင်းစပ်၌ အဆက်မပြတ်အောင် ပေါက်နေသော စွယ်တော်ပင်ကလေးများကို တွေ့ရသည်။

အပင်ပေါက်များသာ ဖြစ်လေသည်။ သို့ရာတွင် ရေမြေနှင့် မိုးကောင်းရာ ဖြစ်သဖြင့် အရွက်များက ကြီးမားဖားဝေနေ၏။ လိပ်ပြာတောင်နှစ်လွှာမှာ မြသွေးရောင်ရွှန်းပြည့်စိုလွင်နေ၏။

"မလှဘူးလား . . .၊ ရော့ . . . အစ်ကိုမောင်က တစ်ဝက်ယူ၊ အို . . . သနားပါတယ် မခွဲချင်ပါဘူး။ နေဦး . . . လှိုင် နောက်ထပ်တစ်ရွက် ခူးလိုက်ဦးမယ် . . . "

ပြောပြောဆိုဆိုဖြင့် လှိုင်သည် တစ်ရွက်ထပ်ခူးကာ ကျွန်တော့်ကို ပေးသည်။

စွယ်တော်ရွက်ကလေးကို ကိုင်ကာ ကျွန်တော် ငိုင်နေဆဲ လှိုင်က အသာအယာ ရယ်မော၍ဆိုသည်။

"မမခိုင်ကလေ . . . ဘာလို့လဲ မသိဘူး . . .။ စွယ်တော်ရွက်ကလေးတွေကို သိပ်ချစ်တာ . . . နေဦး . . . လှိုင် အခြောက်ခံပြီး ပို့လိုက်ဦးမယ် "

ကျွန်တော်တို့ ဆက်လျှောက်ခဲ့ကြသည်။ လမ်းတွင် လှိုင်ကသာ စကားထိုထို ဆိုလာနိုင်သည်။ ကျွန်တော့်နှုတ်မှာမူ မသွက်လှ။

လွမ်းစေတီတော် ခြေရင်းတွင် ကျွန်တော်တို့ ရပ်လိုက်ကြ၏။

လွမ်းစေတီမှာ ထုံးဖြူဖြူဖွေးသော စေတီငယ်လေးတစ်ဆူသာ ဖြစ်သည်။ စေတီလေးသည် ကြီးမားဝန်းဝိုင်း၍ အတန်မြင့်သော ဖိနပ်တော်၏ ဗဟိုတွင် တည်ရှိသည်။ ဤဖိနပ်တော်သည် စေတီဟောင်းတစ်ဆူ၏ ဖိနပ်တော်လော . . .။ သို့မဟုတ် စေတီငယ်ကို ငုံမျိုတည်မည့် စေတီကြီး၏ မပြီးပြတ်သေးသော ဖိနပ်တော်လော . . . မပြောတတ်။ မည်သို့ဖြစ်စေ တစ်ပိုင်းတစ်စ ကြွင်းကျန်နေလေသော သဏ္ဌာန်ပေါ်နေသည်။

ဤသဏ္ဌာန်သည်ပင် လွမ်းစေတီအသက်ဟု ကျွန်တော်ထင်သည်။ လွမ်းရခြင်းမည်သည် တစ်ပိုင်းတစ်စ ကြွင်းကျန်နေလေခြင်းပင် မဟုတ်ပါလော။

လှိုင်နှင့် ကျွန်တော်သည် လွမ်းစေတီတော်ကို ဦးချကြပြီး တောင်ထိပ်မှနေ၍ ရှုခင်းတို့ကို ငေးမျှော်ကြည့်မိကြ၏။

အရှေ့ဘက်မျှော်သော် မှိုင်းညို့ဆိုင်းဆို့သော တောင်တန်းပြာနှင့် တောင်တန်းပြာကို နောက်ခံပြုလျက် သစ်ရိပ်တောအုပ်တို့ကြားရှိ ခေါင်မိုးနီနီ၊ နံရံဖြူညိုဝါရွှေတို့နှင့် တိုက်တာအိမ်ခြေများ၊ အနောက်ဘက်သို့ မျှော်လေလျှင်မူ မြောက်စွန်း၌ ကျီးဖြူကန်၊ တောင်စွန်း၌ အင်းလေးကန်တို့၏ ငွေရောင်လက်သော ရေပြင်တို့၏ စိမ်းလန်းကျယ်ပြောသော ညောင်ရွှေလွင်ပြင်၊ အဝေးဆီတွင်မူ ဥဏ္ဏာဂူနေနတ် မေးတင်အပ်သော ဟဲဟိုးနယ်စပ်မှ တောင်လှိုင်း၊ တောင်တံတိုင်း။ မျှော်လေတိုင်း ရစ်သိုင်း မှုန်ဝေ လွမ်းဖွယ်ထွေလှပေသည်တကား . . .။

လှိုင်က ငြိမ်နေရာမှ ဘာစိတ်ကူးရသည် မသိ၊ ကောက်ကာငင်ကာ မေး၏။

"ဒီစေတီဟာ ဘာလို့ လွမ်းစေတီလို့ ခေါ်ရတာလဲ မသိဘူးနော် . . . အစ်ကိုမောင် "

"ဩော် . . . လှိုင်ရယ်၊ လွမ်းသူက တည်ထားတဲ့စေတီမို့ လွမ်းစေတီလို့ ခေါ်တာဖြစ်မှာပေါ့လေ "

" မဟုတ်ဘူးလေ . . . လှိုင် မေးတာက ဒီစေတီကို ဘယ်သူတည်ထားသလဲလို့ "

" ဒါတော့ အစ်ကိုမောင်လည်း ဒီရောက်တာမှ မကြာသေးဘဲ၊ ဘယ်သိပါ့မလဲ လှိုင်ရယ် . . . "

လှိုင်က အသာအယာ ပြုံးသည်။ လေသည် အဟုန်မပြင်း တပြင်း တိုက်ခတ်လာနေသောအခါ ဖြူဝင်းသော လှိုင့်နဖူးထက်မှ ဆံခွေဆံနွယ်တို့သည် ယိမ်းနွဲ့တိမ်းပါး လှုပ်ရှားနေ၏။

" လှိုင် ဘာပြုံးတာလဲ "

လှိုင်က ကြည်လင်သာယာစွာ တစ်ချက်ရယ်လိုက်၏။

"အစ်ကိုမောင် . . .။ သေသွားပြီးရင် နောက်ဘဝဆိုတာ ရှိသလား ဟင် . . . "

ကျွန်တော်သည် ဝင်လုဆဲ နေရောင်တွင် ရွှန်းမြပဝင်းနေသော လှိုင့်မျက်နှာလေးကို ငေးကြည့်လိုက်မိ၏။ လှိုင်ကမူ အထူးတလည် အလေးအနက် ရှိဟန်မတူ။ ပြုံးရွှင်ကြည်လင်လျက်ရှိ၏။

"ပြောလေ . . . အစ်ကိုမောင်ကြီး . . . "

"လှိုင်ရယ် . . . ဒီမေးခွန်းကို အစ်ကိုမောင် ဘယ်လို အလွယ်တကူ ဖြေနိုင်ပါ့မလဲ။ အမေးနွားကျောင်းသား အဖြေ ဘုရားအလောင်းတဲ့ "

လှိုင်က ချစ်စဖွယ်ပြုံးလျက် နှုတ်ခမ်းလေးစူပြီး မျက်စောင်းလဲ့လဲ့ ထိုးသည်။

" ဟွန်း . . . သိပ်ပိုတဲ့ အစ်ကိုမောင်ကြီး၊ လှိုင်က နွားကျောင်းသား၊ အစ်ကိုမောင်က ဘုရားလောင်းပေါ့ . . . ဟုတ်လား . . . ဒါဖြင့် . . . အစ်ကိုမောင် ဘယ်တော့ တောထွက်မလဲ . . . "

လှိုင့်စကားကြောင့် ရယ်မောပြီး ကျွန်တော်ကလည်း ပြန်နောက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# ရေးမြို့နယ်ထွက် ကွမ်းသီးဈေး သက်တမ်းတစ်လျှောက်လုံး၌ အမြင့်ဆုံးဈေးရရှိ



**ရေး ဇူလိုင် ၁**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများအနက် ဒေသထွက် ရေးကွမ်းသီးဈေးနှုန်းမှာ သက်တမ်းတစ်လျှောက်လုံး၌ ဈေးနှုန်းအကောင်းဆုံးနှစ်ဖြစ်ကြောင်း ကုန်သည်များနှင့် ခြံရှင်များက ပြောသည်။

အဆိုပါ ဒေသထွက်ကွမ်းသီးဈေးနှုန်းများမှာ ယခင်နှစ်များက တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ဝန်းကျင်ရှိရာမှ လက်ရှိအချိန်တွင် ကွမ်းသီးဈေးများမှာ ကျပ် ၅၅၀၀ အထိရရှိလာကြကြောင်း သိရသည်။

"ကွမ်းသီးဈေးက ပုံမှန်ဈေးကျပ် ၅၅၀၀ မှာ ဆက်လက်ရှိနေပါတယ်။ လာမယ့်ကွမ်းသီးအသစ်ထွက်ချိန်အထိရရှိဖို့လည်း ခြံရှင်များက မျှော်လင့်ထားကြပါတယ်။ ဈေးသာအမြင့်ဈေးမှာရရှိနေမယ်ဆိုရင် ကွမ်းသီး ၁၀ သိန်းလောက်ထွက်တဲ့ခြံရှင်တွေမှာ တစ်နှစ်ဝင်ငွေ သိန်း ၂၀၀ ကနေ သိန်း ၃၀၀ ဝန်းကျင်လောက်အထိ ရရှိပါတယ်။ ကွမ်းသီးဈေးကောင်းကိုရရှိလာကြတဲ့အတွက် စိုက်ပျိုးရေးလုပ်ကိုင်သူအများအပြားက ရော်ဘာမျိုးစေ့လုပ်ငန်းကနေ ကွမ်းသီးပျိုးပင်များကိုပါ ပြောင်းလဲစိုက်ပျိုးရောင်းဝယ်ပြုလုပ်လာနေကြပါတယ်" ဟု ဒေသခံစိုက်ပျိုးရေးလုပ်ကိုင်သူတစ်ဦးက ပြောသည်။

လက်ရှိတွင် ယင်းဒေသ၌ ရော်ဘာပင်အစား ကွမ်းသီးပင်များကို စိုက်ပျိုးလာကြသူများပြားလာ၍ ကွမ်းသီးပျိုးပင်များ အရောင်းအဝယ်ပြုလုပ်နေကြသူ အများစုမှာလည်း အမြတ်အစွန်းများရရှိလာနေကြကြောင်း ကွမ်းသီးခြံစိုက်ပျိုးတောင်သူများ၏ ပြောကြားချက်အရ သိရသည်။

ရေးမြို့နယ်တွင် အဓိကစိုက်ပျိုးရေးလုပ်ငန်းများကို ရော်ဘာအပြင် ကွမ်းသီးများကိုပါ စိုက်ပျိုးကြရာ ယင်းဒေသထွက် ကွမ်းသီးများကို ပြည်တွင်းသာမက အိမ်နီးချင်းနိုင်ငံများအထိပါ တင်ပို့နေရသည်။ ယခုနှစ်တွင် ကွမ်းသီးများကိုပြည်တွင်းပြည်ပမှ မှာယူစားသုံးသူများတိုးတက်မြင့်မားလာသည့်အတွက် ဈေးကွက်အတွင်း ကွမ်းသီးများမှာအမြင့်ဈေးတွင် တည်ရှိနေကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက ပြောသည်။

တစ်ပိုင်တစ်နိုင်ကွမ်းယာရောင်းချနေကြသူများမှာလည်း ကွမ်းယာပြုလုပ်ရာတွင် အသုံးပြုလျက်ရှိသော ကွမ်းရွက်ဈေးမှာ ပုံမှန်ဈေးရှိသော်လည်း ၎င်းနှင့်တွဲဖက်အသုံးပြုရသည့် ကွမ်းသီးဈေးကို အမြင့်ဈေးပေးဝယ်ရသောကြောင့် ကွမ်းယာရောင်းချသူများမှာ ယခင်ကထက် အမြတ်နည်းလာကြောင်း တစ်ပိုင်တစ်နိုင်ကွမ်းယာရောင်းချသူအများစုက ပြောသည်။

**ထွန်းထွန်း(ရေး)**

## နို့အောလာ အထက်တန်းကျောင်း၌ ကျောင်းသုံးပစ္စည်းထောက်ပံ့

**ဘားအံ ဇူလိုင် ၁**

ကရင်ပြည်နယ်အစိုးရအဖွဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောမြတ်ထွဋ်ဝင်းနှင့် အဖွဲ့သည် ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက နို့အောလာကျေးရွာ ဘုန်းကြီးကျောင်း၌ နယ်မြေခံ KNU တပ်မဟာ (၁) တိုင်းရင်းမှူး ဦးစောစိုးမြင့်ထွေး ( ဂေါ်ဆာခို)၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောတင်ထွန်း၊ နို့အောလာ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ နို့အောလာအနီးတစ်ဝိုက်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံခဲ့သည်။

ထို့နောက် နို့အောလာ အခြေခံပညာအထက်တန်းကျောင်းအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသော ဗလာစာအုပ်ဒါဇင် ၁၀၀၊ ခဲတံဒါဇင် ၅၀၊ ဘောပင် ဒါဇင် ၅၀၊ မိုးကာငါးလိပ်နှင့် ဘောထုပ်များကိုလည်းကောင်း၊ ပြည်နယ်ပညာရေးဦးစီးဌာနမှ လှူဒါန်းသော ကျောင်းသုံးစာအုပ်များနှင့် ဆရာထိုင်ခုံ၊ စားပွဲနှစ်စုံတို့ကို တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြသည်။ **မင်းသား(ပြန်/ဆက်)**

## မုံရွာမြို့နယ်အတွင်း မိုးပွင့်(အထူး)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**မုံရွာ ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများသည် မုံရွေးကျေးရွာ၊ မြင်းမီးလောင်ကျေးရွာ၊ ညောင်ဖြူပင်ကျေးရွာ၊ နတ်ကြီး ကျွန်းကျေးရွာနှင့်အမှတ်(၁၆)ခြေမြန်တပ်ရင်း၊ ဒေါနခြံရပ်ကွက်၊ ချမ်းမြဝတီရပ်ကွက် စသည့်နေရာခုနစ်ခုတွင် မိုးပွင့်(အထူး)စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇွန် ၂၉ ရက်က တိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ ခရိုင်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင် တို့သွားရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်နေသော ရပ်ကွက်၊ ကျေးရွာရှိပြည်သူများအား တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က မိုးပွင့်(အထူး)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ပြည်သူများအနေ ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှစ်ခု မလုပ်မိစေရန် အရေးကြီးကြောင်း၊ နိုင်ငံသားကတ်ပြားအား လူတစ်ဦးသည် တစ်ခုထက်ပိုမိုမကိုင်ဆောင်ရကြောင်း၊ ဥပဒေကြောင်းအရ ပြစ်မှုမြောက်ကြောင်း၊ မိမိ၏စိစစ်ရေးကတ်ပြားပျောက်ဆုံးပါက ၎င်းနံပါတ်ဖြင့် မိတ္တူထုတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံသားတစ်ဦးလိုက်နာရမည့် အချက်များ၊ အခွင့်အရေးများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ပြည်သူများမှ သိရှိလိုသည့် မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(အေးချမ်းမောင်)**

ဝိဇာတနှင့် ဂုဏပူဇာ မင်္ဂလာ

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ဆွမ်းချက်၊ ရွှေစေတီပရိယတ္တိစာသင်တိုက် ဦးစီးနာယက သာသနဓဇ၊ ဓမ္မာစရိယ၊ ဂန္ထဝါစကပဏ္ဍိတ ဆရာတော်နှင့် ဘဒ္ဒန္တ ဥတ္တမသာရ၏သက်တော်(၇၀)ပြည့် ဝိဇာတမင်္ဂလာနှင့် သာသနဓဇဓမ္မာစရိယဘွဲ့ တံဆိပ်တော်ရ တပည့်သံဃာ(၈)ပါးတို့အား ဂုဏပူဇာမင်္ဂလာကို (၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ရက်)၊ ၂၁-၇-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ပြုလုပ်မည်ဖြစ်ပြီး အဘိဓမ္မာ(၇)ကျမ်းကို (၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ရက်မှ ဒုတိယဝါဆိုလပြည့်နေ့)တိုင်အောင် ရွတ်ဖတ်ပူဇော်မည်ဖြစ်ပါသဖြင့် ရပ်ဝေး၊ ရပ်နီးရှိတပည့် ဒါယကာ၊ ဒါယိကာမများအား အသိပေးဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာအမျိုးသားလေကြောင်း
ကြေညာချက်အမှတ်(၂/၂၀၁၅)

မြန်မာအမျိုးသားလေကြောင်းမှ ကြေညာချက်အမှတ်(၁/၂၀၁၅)ဖြင့် ကြေညာထားသည့် လေယာဉ်မောင်၊ လေယာဉ်မယ်လျှောက်လွှာ နောက်ဆုံးလက်ခံမည့်နေ့ရက်အား ၃-၇-၂၀၁၅ရက်အစား ၂၀-၇-၂၀၁၅ရက်သို့ တိုးမြှင့်သတ်မှတ်ကြောင်းနှင့် လူတွေ့စစ်ဆေးမှုများအား ရန်ကုန်နှင့် မန္တလေး မြို့များတွင် ၂၄-၇-၂၀၁၅ရက်တွင် စတင်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာအမျိုးသားလေကြောင်း**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ တိုက်(၃)၊ အခန်း(၂၉)တွင် နေထိုင်သော ဦးသန်းမြင့်မှ ပိုင်ဆိုင်သော ၎င်းတိုက်ခန်းအား ကျပ်(၁၅)သိန်းဖြင့် ဒေါ်အေးသန်းမှ ဝယ်ယူထား ပြီးဖြစ်ပါသည်။ ၎င်းတိုက်အား ဝယ်ယူထားခြင်းအား ကန့်ကွက်မည့်သူရှိပါက (၇)ရက်အတွင်း အထောက်အထား အပြည့်အစုံနှင့်တကွ ပိုင်ရှင်ဒေါ်အေးသန်းထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်အေးသန်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၉၇(ကျောက်တန်းကွင်း)၊ မြေကွက်အမှတ် (၁၇၈)၊ ၁. ၅၀၂ဧက၊ မြေကွက်တည်နေရာ အမှတ်(၁၇၈)၊ သစ်ခွစိုက်ပျိုးရေး အထူးဇုန်၊ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံ မြို့နယ်၊ သစ်ခွအထူးဇုန်လုပ်ကိုင်ခွင့် အမိန့်စာရရှိသူ အမည်ပေါက် ဦးခင်မောင်ဝင်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်မြင့်မြင့်အေး [၉/မနမ(နိုင်)၀၈၁၂၇၂]၊ ဒေါ်မြင့်မြင့်ထွေး [၉/မနမ(နိုင်)၀၈၁၂၀၆]တို့မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံစာ၊ အရောင်းအဝယ် အရပ်ကတိစာချုပ်၊ ရွှေနံ့သာ ဘားလားသစ်ခွဇုန်လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်စာ မူရင်းတို့ကိုတင်ပြ၍ နှစ်(၆၀)ဂရန်မြေငှား (စာချုပ်) ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင် လုံသော အထောက်အထားများဖြင့်(၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

UK's Top Computing Degree in Yangon

UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း

GUSTO INTERNATIONAL COLLEGE

၁ ။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင် ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။
၂ ။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများအတိုင်း Student - Centered Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။
၃ ။ စာသင်ကာလ ၂နှစ်တက်ရောက်ပြီး အောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။
၄ ။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသော နိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
၅ ။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၃)ပုံ ပူးတွဲတင်ပြပြီး လျှောက်ထားနိုင်ပါသည်။

* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည်။

မြေအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။
Call Now : 09 862 8806, 09 730 31302, 01 504632

# ကြယ်ပဲစိုက်ပျိုးရန် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များလိုအပ်

**မကွေး ဇူလိုင် ၁**

အင်တာနက်စာမျက်နှာများ၊ ထိုင်းနှင့်တရုတ် အခြေစိုက်ကုမ္ပဏီများ၊ မြန်မာ့ကြယ်ပဲစိုက်ပျိုးသူများအဖွဲ့ (MSIGG) နှင့် ကမ္ဘာသစ် အော်ဂဲနစ်ကြယ်ပဲစိုက်ပျိုးရေးအဖွဲ့များ၏ စိုက်ပျိုးရေးသတင်းအချက်အလက်များအရ မကွေးတိုင်းဒေသကြီးအတွင်း အကျိုးအမြတ်လိုလားသူ စိုက်ပျိုးရေးသမားများအနေဖြင့် ကြယ်ပဲ (Sacha Inchi) ကို စိုက်ပျိုးရန် စိတ်ဝင်စားလျက်ရှိသော်လည်း အချို့ကုမ္ပဏီများမှ မျိုးစေ့တစ်ကီလို ကျပ်သုံးသိန်းကျော်ရောင်းချမှုများရှိနေကြောင်း သိရသည်။

စိုက်ပျိုးရေးအစုအဖွဲ့တချို့တွင် မျိုးစေ့ တစ်ကီလိုကျပ်သုံးသောင်းဝန်းကျင်ဖြင့် ဖြန့်ဝေပေးနေမှုများရှိနေမှုအပေါ်မည်သည့်အတွက် ထို သို့ဖြစ်နေရခြင်းနှင့် ဈေးကွက်ချုပ်ကိုင်မှုများ ရှိ-မရှိအခြေအနေများကို သိရှိနိုင်ရန်အတွက် တိကျသောသတင်းအချက်အလက်များ လိုအပ်လျက်ရှိကြောင်း စိုက်ပျိုးရေးလုပ်ငန်း စိတ်ဝင်စားသူအများစုက ပြောသည်။

"မျိုးစေ့ဈေးအနည်းအများက Hybrid (ကပြားမျိုးစပ်)အပေါ်မူတည်ပြီး ကွာတာလို့ တော့သိရတယ်။ ဘယ်လိုကွာတာလဲ၊ ဘာတွေကွာတာလဲ အတိအကျမသိရဘူး။ ခုဖြစ်နေတာက ဈေးကြီးတဲ့ Hybrid မျိုးလည်းစိုက်ရတယ်။ Pure ဖြစ်နေတဲ့ ကြယ်ပဲမျိုးကိုလည်း စိုက်ဖြစ်တယ်။ အထွက်နှုန်းကဘယ်လို၊ သီးနှံအရည်အသွေးပေါ်မူတည်ပြီး ဈေးကွက်က ဘယ်လောက်ကွာခြားတယ်ဆိုတာ မသိရသေးဘူး။ နှစ်ခုလုံးက စိုက်နေတုန်းဆိုတော့ အချိန်ကိုစောင့်ရမလိုဖြစ်နေတယ်။ ကပြားမျိုးအတော်များများက ထွက်တဲ့သီးနှံကိုပြန်စိုက်လို့ မအောင်မြင်ကြဘူး။ အပင်သက်တမ်းက နှစ် ၃၀ ကနေ ၅၀ ထိရှိတယ်ဆိုတော့ မျိုးစေ့က ပြဿနာမဟုတ်ဘူးဆိုရင်တောင် မျိုးစေ့ဈေး ကွာဟချက်များလွန်းနေတာက စဉ်းစားစရာတစ်ခုဖြစ်နေတယ်။ ဈေးကြီးပေးဝယ်တဲ့ မျိုးစေ့စိုက်တဲ့သူတွေဆီကပဲ ထွက်တဲ့သီးနှံကိုဝယ်မှာလား။ ဈေးချိုတဲ့နေရာကဝယ်ပြီး စိုက်ရင်ရော ကုမ္ပဏီတွေက မဝယ်တော့ဘူးလား။ ဒါမှမဟုတ် နိုင်ငံတော်ကပဲ စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းတစ်ခုထဲမှာထည့်ပြီး အကူအညီတွေနဲ့ အာမခံချက်တွေပေးနိုင်မှာလား။ ဒါတွေ ကျွန်တော်တို့ သိဖို့လိုအပ်ပါတယ်။ တစ်ခါစိုက်ထားရုံနဲ့ နှစ်ပေါင်းများစွာ အကျိုးရှိတယ်။ တစ်ဧက ကျပ် ၁၅ သိန်းနဲ့ သိန်း ၃၀ ကြား ဝင်ငွေဆိုတာကလည်း မက်လောက်စရာဖြစ်နေလို့ပါ "ဟု ကြယ်ပဲစိုက်ပျိုးရေး စိတ်ဝင်စားသူ ဒေသခံတစ်ဦးက ပြောသည်။



အဆိုပါ ကြယ်ပဲမျိုးစေ့အား စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ သုံးစွဲခြင်းမပြုရဘဲ ဩဂဲနစ်နည်းဖြင့်သာ စိုက်ပျိုးရမည်ဖြစ်ပြီး ကုမ္ပဏီသို့ ကြယ်ပဲသီးနှံသွင်းသည့်အခါ တစ်ကီလိုလျှင် ကျပ် ၁၂၀၀ မှ ကျပ် ၁၃၀၀ အထိပေးဝယ်မည်ဖြစ်ကြောင်း မျိုးစေ့ရောင်းကုမ္ပဏီအချို့နှင့် ကြယ်ပဲစိုက်တောင်သူများ စာချုပ်ချုပ်ဆိုထားမှုများရှိကြောင်း သိရ သည်။

နှစ်ရှည်သီးနှံလည်းဖြစ်ကာ မြင့်မားသောဈေးနှုန်းဖြင့်ဝယ်စိုက်ပြီးမှ ရေရှည်ဈေးကွက်မရှိမည်ကို အချို့ကစိုးရိမ်နေကြပြီး ကုမ္ပဏီများဘက်မှလည်း ကြယ်ပဲအဝယ်ဒိုင်များကို မြန်မာနိုင်ငံအနှံ့အပြားဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေတော့ မသုံးဘူး။ သဘာဝမြေဩဇာပဲဆိုပြီး ရယ်ဒီမိတ်အစားအစာကျွေးထားတဲ့ ကြက်၊ ဝက်တွေရဲ့ မစင်ကိုသုံးလိုက်မိမယ်ဆိုရင် Chemical Compound တွေပါနေတာကို ကုမ္ပဏီက စမ်းသပ်စစ်ဆေးတွေ့ရှိနိုင်တယ်။ အဲဒီအခါမှာ စာချုပ်ပါစည်းကမ်းနဲ့မညီလို့ဆိုပြီး ဝယ်ယူဖို့ ငြင်းဆန်တာတွေဖြစ်လာနိုင်ပါတယ်။ နောက်တစ်ချက်က ကုမ္ပဏီကမျိုးစေ့ကိုမဝယ်ဘဲ အပြင်က မျိုးစေ့ဝယ်စိုက်တဲ့ တောင်သူတွေဆီကရော ကုမ္ပဏီကလက်ခံဝယ်ယူမှာလားဆိုတာ စဉ်းစားစရာအချက်တစ်ခုပါ။ အဲဒီအချက်တွေကို တောင်သူတွေသိဖို့၊ နားလည်ထားဖို့ လိုပါမယ်။ ကျွန်တော်တို့ဌာနအနေနဲ့ကတော့ တကယ်ပဲတောင်သူတွေကို အကျိုးရှိစေမှာလား ဆိုတာကို စုံစမ်းနေပါတယ်။ စီးပွားရေးသမားများရဲ့ ထွင်လုံးတစ်ခုမဟုတ်ဘဲ တောင်သူများအတွက် အမှန်တကယ်အကျိုးရှိစေမယ်ဆိုရင် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဩဂဲနစ်ဆိုင်ရာ နည်းပညာ အကူအညီတွေပေးပြီး သီးနှံ အထွက်နှုန်းတိုးဖို့ ကူညီဆောင်ရွက်သွားပါမယ်" ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်း၊ ဆုတ်ယုတ်ကျဆင်းခြင်းအခြေအနေများသည် နိုင်ငံသားအားလုံး၏ လူမှုဘဝများကို တိုက်ရိုက်သက်ရောက်မှုများ ရှိစေသောကြောင့် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေးအမယ်သစ်သီးနှံများကို ကြိုဆိုရမည် ဖြစ်သော်လည်း Hybrid နှင့် Nano ကဲ့သို့သော နည်းပညာများနှင့်ပတ်သက်၍ ပညာရှင်ဆိုင်ရာ အငြင်းပွားမှုများ (ဆွေးနွေးသုံးသပ်ပွဲများ) လိုအပ်နေသကဲ့သို့ ပြည်သူများထံ ကြယ်ပဲကဲ့သို့သော စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များ မျှဝေပေးရန်လိုအပ်ကြောင်း စိုက်ပျိုးရေးဆိုင်ရာ co-ordinator တစ်ဦးက အကြံပြုပြောသည်။

ဆီအိုးကြီးဟုခေါ်တွင်သော မကွေးတိုင်းဒေသကြီး၌ မြေလွတ်မြေရိုင်း၊ ပလပ်မြေများတွင်မဟုတ်ဘဲ ပဲ၊ နှမ်း၊ နေကြာနှင့် အခြားဒေသထွက် သီးနှံစိုက်ခင်းများနေရာတွင် ကြယ်ပဲများ တွင်ကျယ်စွာစိုက်ပျိုးလာပါက အကျိုးဆက်များဖြစ်ပေါ်နိုင်မှုကို ဒေသအရေးစိတ်ပါဝင်စားသူများက ဝေဖန်သုံးသပ်လျက်ရှိကြသည်။

ကြယ်ပဲမျိုးစေ့ဈေးနှုန်းမှာ ဒေသတွင်း မျိုးစေ့ဈေးနှုန်း ကွာဟချက် မြင့်မားမှုများရှိသည်။ အချို့ဒေသများတွင်လည်း ကြယ်ပဲကို ဘိန်းအစားထိုးသီးနှံအဖြစ် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း co-ordinator တစ်ဦးက ဆက်လက်ပြောသည်။

**ဇေယျာတု(မကွေး)**

## အ.ထ.က (ခွဲ)မှ အ.ထ.ကကျောင်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်

**မြောင်းမြ ဇူလိုင် ၁**

မြောင်းမြမြို့နယ် တောင်ပေါ်စုကျေးရွာ အခြေခံပညာအထက်တန်း(ခွဲ) ကျောင်းမှ အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို အဆိုပါကျောင်း၌ ဇွန် ၂၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ကျောင်းအတွက် ဘိလပ်မြေ အိတ် ၅၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တောင်ပေါ်စု အခြေခံပညာ အထက်တန်းကျောင်းသည် မြောင်းမြ-လပွတ္တာ အဝေးပြေးကားလမ်းမကြီးပေါ်တွင်တည်ရှိပြီး ၂၀၀၈ ခုနှစ်တွင် အထက်တန်းကျောင်း (ခွဲ) အဆင့်မှ ၂၀၁၅ ခုနှစ်တွင် အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ကာ မူလတန်းအဆင့်မှ အထက်တန်းအဆင့်ထိ ကျောင်းသား၊ ကျောင်းသူ ၉၃၉ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ ယခင်က အထက် တန်းကျောင်းသားများသည် ခရီးငါးမိုင်အကွာအဝေးရှိ သိလ္လာအထက်တန်းကျောင်းသို့ သွားတက်ခဲ့ရပြီး ယခုအခါ မိမိရပ်ရွာ၊ မိမိကျောင်းတွင်ပင် တက်ရောက်ခွင့်ရရှိပြီဖြစ်သည်။

**အောင်မင်း(ပြန်/ဆက်)**


## ပုလဲရတု မင်္ဂလာဆုတောင်း

ဦးမျိုးမင်း (ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန)နှင့် ဒေါ်သူဇာနွယ် (Finance Director, Asia Business Synergy Public Co.,Ltd.)တို့၏ ၂၆-၆-၂၀၁၅ နေ့တွင်ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတု မင်္ဂလာရက်မြတ် မှသည် ရွှေရတု၊ စိန်ရတု အဆက်ဆက်တိုင်အောင် ချစ်သော မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ အတူတကွ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Asia Business Synergy Public Company Limited (ABS)

## မြတ်ဗောဓိ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

အိန္ဒိယ-နီပေါ အဆင့်မြင့်ဘုရားဖူးခရီးစဉ်များ

၁။ (၇) ညအိပ် - (၈) ရက် ခရီး
၂။ (၁၁) ညအိပ် - (၁၂) ရက် ခရီး
ဗုဒ္ဓဂယာ၊ ဟာရာဏသီ (ခ) မိဂဒါဝုန်- သာဝတ္ထိ-လုမ္ဗိနီ- ကုသိနာရုံ- ဝေသာလီ- ပဋ္ဋနား- ရာဇဂြိုဟ်-နာလန္ဒာ-ဗုဒ္ဓဂယာ

၃။ (၁၄) ညအိပ် - (၁၅) ရက် ခရီး
ဗုဒ္ဓဂယာ၊ ဟာရာဏသီ (ခ) မိဂဒါဝုန်- သင်္ကဿနဂိုရ်- အာဂရာ (တပ်ချ်မဟာ)- နယူးဒေလီ- သာဝတ္ထိ-လုမ္ဗိနီ- ကုသိနာရုံ- ဝေသာလီ-ပဋ္ဋနား- ရာဇဂြိုဟ်- နာလန္ဒာ-ဗုဒ္ဓဂယာ

ရဟန်းတော်၊ သီလရှင်နှင့်ပင်စင်စားပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက်ကျပ်၁၀၀၀၀ဝိ/-လျှော့ပေးပါမည်။
(နယ်မှခရီးသည်များအတွက်) ကြို-ပို့ တည်းခိုနေထိုင်ရေး စီစဉ်ပေးသည့်အပြင်
မိသားစုများ - ကုမ္ပဏီအဖွဲ့အစည်းများအတွက် သီးသန့်စီစဉ်ပေးပါသည်။
မဇ္ဈိမဒေသ ဘုရားဖူးခရီးစဉ်များကိုစာရင်းပေးသွင်းနိုင်ပါသည်။

အမှတ်(၁၃၃၊၁၃၅၊၁၃၇)၊ အခန်း(၃/အေ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
Ph: 09-49338595, 09-263125261,09-788304828
09-420134528 E-mail:myatbodhi@gmail.com






# နေရပ်ပြန်ရခိုင်လူမျိုး ၅၀၀ကျော်ကို အာဟာရများ ထောက်ပံ့လှူဒါန်း

**အင်းတော် ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပေါ်ရှိ နဘားဘူတာတွင် ကချင်ပြည်နယ်မှ နေရပ်ပြန် ရခိုင်လူမျိုး ၅၀၉ ဦးအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဇွန် ၂၉ ရက်တွင် ထမင်းဘူးများ၊ ရေသန့်ဘူး၊ အချိုရည်ဘူးများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

နေရပ်ပြန် ရခိုင်တိုင်းရင်းသားများအား အကူအညီပေးမှုနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဦးတင်ဝင်းက "ဇွန် ၂၉ ရက် မနက် ၉ နာရီက မြစ်ကြီးနားမှ ထွက်တယ်လို့ သိရတယ်။ ကိုယ့်တိုင်းရင်းသားအချင်းချင်းတွေပဲ အခုလိုကူညီရတာ ဝမ်းသာပါတယ်။ သူတို့လည်း သူတို့နေထိုင်ခဲ့တဲ့ နေရပ်ကို ပြန်ချင်တာပေါ့" ဟု ပြောကြားခဲ့သည်။

ရခိုင်တိုင်းရင်းသားများ နေရပ်ပြန်နိုင်ရေးအတွက် စီစဉ်ပေးထားမှုနှင့် ပတ်သက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန စစ်ကိုင်းတိုင်းဦးစီးမှူး စဝီလီဖရန့်က "သူတို့က ကချင်ပြည်နယ်မှာ လွန်ခဲ့တဲ့ ၅ နှစ် ၆ နှစ်လောက်က ရောက်နေကြတဲ့ မိသားစုတွေပေါ့။ အခု ရခိုင်တိုင်းရင်းသားတွေက သူတို့နေရပ် သူတို့ပြည်နယ်ကို ပြန်ချင်တဲ့အတွက်ကြောင့် သက်ဆိုင်ရာ အကြီးအကဲတွေကိုတင်ပြတော့ အကြီးအကဲတွေကနေ အခု ရထားနဲ့ စီစဉ်ပေးတာပေါ့။ ရထားက စစ်ကိုင်း ရွာထောင်အထိ ရွာထောင်ကနေမှ သူတို့နေရပ် မင်းပြား၊ ကျောက်တော်၊ စစ်တွေ၊ အမ်းတို့အထိ ကျွန်တော်တို့ မော်တော်ကားနဲ့ပို့ပေးမှာပါ။ သူတို့အတွက်ကားတွေ လုံလုံလောက်လောက်ငှားထားပါတယ်။ အကြမ်းဖျဉ်း ၂၂စီးလို့သိရတယ်။ ဒါပေမယ့် ဒီထက်ပိုနိုင်တယ်။သူတို့သဘောနဲ့ သူတို့ပြန်ချင်တာပေါ့ ပြန်ဖို့လိုအပ်တဲ့ အကူအညီတွေတောင်းလူကြီးတွေကစီစဉ်ပေးတာ။ သူတို့အထက်ပိုင်းကို ရောက်နေတာက အရင်တုန်းက အလုပ်သွားလုပ်ကြတာ ဖားကန့်၊ တနိုင်းတို့ဘက်မှာ အလုပ်သွားလုပ်ကြတာ အခုကျတော့ အလုပ်အကိုင်ကလည်း သိပ်ထူးမခြားနားတော့တဲ့ အနေအထားရှိလို့ သူတို့ပြန်ကြတာပေါ့။ စီးပွားရေးအရ ဒီဘက်ကို လာလုပ်တယ် ပြန်ဖို့အတွက် အကူအညီတောင်းတဲ့အတွက် စီစဉ်ပေးတာပါ" ဟု ပြောကြားခဲ့သည်။

"ပို့ဆောင်ရေးလုပ်ငန်းတွေကတော့ နိုင်ငံတော်အစီအစဉ်နဲ့ဆိုတော့ မီးရထားကတော့ မီးရထားတာဝန်ယူတာပေါ့။ ကျွန်တော်တို့ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးက ကားတွေ တာဝန်ယူတာပေါ့။ ဒီလမ်းခရီးမှာတော့ မိသားစုတွေ စားရေးသောက်ရေးကတော့ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့တွေက တာဝန်ယူပေးတယ်။ နဘားဘူတာမှာဆိုရင် အခုညနေစာ ရေသန့်ဘူးလှူမယ်။ ရွှေဘိုဘူတာမှာ ရေသန့်ဘူးရယ် ညလယ်စာ အစာပြေမုန့်တွေလှူမယ်။ နံနက်စာက မြစ်ကြီးနားမှာ စားတယ်၊ နေ့လယ်စာကို မိုးကောင်းဘူတာမှာလှူတယ်။ အခု ရထားနဲ့အားလုံး ပေါင်း ၅၀၉ ယောက်ပါတယ်။ တာဝန်ယူလိုက်ပါပို့ဆောင်တဲ့ ရခိုင်ယဉ်ကျေးမှုက ၃၃ ယောက်ပါတယ်။ ရခိုင်အထိ ကျန်းမာရေးက ဆရာဝန်နှစ်ယောက်ပါတယ်။ လမ်းခရီးမှာ ကျွန်တော်တို့ လက်ဆင့်ကမ်း လိုက်ပို့တဲ့အဖွဲ့က တစ်ဖွဲ့ကို ၁၁ ယောက်ဖွဲ့ပြီတော့ လိုက်ပို့တယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ရခိုင်ပြည်နယ် မင်းပြားဒေသမှ ကိုကျော်ထွန်းက "အခုလို လမ်းတစ်လျှောက်မှာ ထမင်းဘူးတွေရေသန့်ဘူးတွေလှူကြတာအရမ်းဝမ်းသာတယ်။ကချင်ပြည်နယ်မှာအလုပ်လုပ်နေတာကြာပါပြီ။ ဘာမှမထူးခြားတာနဲ့ အိမ်ပြန်တာပါ။ အခုလိုစီစဉ်ပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်"ဟုပြောသည်။

**အေးလွင်(ကသာ)**



နိဗ္ဗာန်ရွှေပြည် လူမှုကူညီရေးအသင်းမှ လူနာတင်ယာဉ်ဖြင့် လူနာတစ်ဦးအား ဆေးရုံသို့ လိုက်ပို့စဉ်။

# အမှတ်(၂၅) အကြီးစားစက်ရုံ (မြိုင်) ဝန်ထမ်းများ အလှူငွေပေးအပ်

**မြိုင် ဇူလိုင် ၁**

စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂၅)အကြီးစားစက်ရုံ (မြိုင်)ဝန်ထမ်းများမှ မြိုင်နိဗ္ဗာန်ရွှေပြည်နာရေးကူညီမှုအသင်းအား အလှူငွေပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အလှူငွေပေးအပ်သည့် နိဗ္ဗာန်ရွှေပြည်နာရေးကူညီမှုအသင်းကို နာယကဆရာတော်သုံးပါးနှင့်အဖွဲ့ဝင် ၁၃ ဦးတို့မှ ဆောင်ရွက်လျက်ရှိပြီး နာရေးသုံးစွဲမှုယာဉ်နှစ်စီး၊ လူမှုရေးသုံးစွဲမှုယာဉ်လေးစီးတို့ဖြင့်အများပြည်သူများအားကူညီဆောင်ရွက်မှုတို့အတွက် အမှတ်(၂၅) အကြီးစားစက်ရုံ(မြိုင်)မှ ဌာနအလိုက်လှူဒါန်းငွေကျပ် ၄၁၂၀၀ နှုန်း လစဉ်လှူဒါန်းမှုကို စက်ရုံမှူးက နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်ဆွေထံ ပေးအပ်ခဲ့သည်။ **စိန်မြိုင် (မြိုင်)**

# မြိုင်မြို့ အမှတ်(၁)ရပ်ကွက် မြို့မအ–ထ–က(ခွဲ) ကျောင်းအား အမှတ်(၂) အ–ထ–ကကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

**မြိုင် ဇူလိုင် ၁**

ပခုက္ကူခရိုင် မြိုင်မြို့ အမှတ်(၁)ရပ်ကွက် အ-ထ-က(ခွဲ) မြို့မမှ အမှတ်(၂) အ-ထ-က ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားအား အဆိုပါကျောင်းဝင်းအတွင်း၌ ဇွန် ၂၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ခရိုင်လက်ထောက်ပညာရေးမှူး ဦးဟန်ဆင့်တို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ဒု-မြို့နယ်ပညာရေးမှူး ဦးမြင့်လွင်တို့က အမှာစကားပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခဲ့သည်။ အမှတ်(၂) အ-ထ-ကကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်မာနှင့် အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာဌေးတို့က ကျောင်းဖွင့်ပွဲ အထိမ်းအမှတ်အလံအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်နှင့် ဒု-မြို့နယ်ပညာရေးမှူး ဦးမြင့်လွင်တို့ထံပေးအပ်ကာ အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**ဧယျတု**

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 1 - 2:30 | (Mon – Thurs) | 29 Jun |
| 1 - 4:00 | (Sat + Sun) | 5 Jul |
| 9 - 12:00 | (Sat + Sun) | 12 Jul |
| 6 - 7:30 | (Mon – Thurs) | 13 Ju |
| 10-11:30 | (Mon – Thurs) | 20 Jul |
| 7:30 - 9 | (Mon – Thurs) | 22 Jul |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 3:30 - 5 | (Mon – Thurs) | 29 Jun |
| 10-11:30 | (Mon – Thurs) | 1,20 Jul |
| 1 - 4:00 | (Sat + Sun) | 5 Jul |
| 1 - 2:30 | (Mon – Thurs) | 6 Jul |
| 7:30 - 9 | (Mon – Thurs) | 8,29 Jul |
| 10:30-12 | (Mon – Thurs) | 13 Jul |
| 3:30 - 5 | (Mon – Thurs) | 13,20 Jul |

| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
|---|---|---|
| 10-11:30 | (Mon – Thurs) | 13 Jul |
| 3:30 - 5 | (Mon – Thurs) | 22 Jul |
| 7:30 - 9 | (Mon – Thurs) | 29 Jul |

| INTERMEDIATE (ACADEMIC ENGLISH) | | |
|---|---|---|
| 7:30 - 9 | (Mon – Thurs) | 22 Jul |

| BASIC GRAMMAR | | |
|---|---|---|
| 10-11:30 | (Mon – Thurs) | 6 Jul |
| 7:30 - 9 | (Mon – Thurs) | 20 Jul |

| BASIC WRITING | | |
|---|---|---|
| 10-11:30 | (Mon – Thurs) | 6 Jul |
| 12 - 3:00 | (Sat + Sun) | 12 Jul |

| VOCAB ENRICHMENT | | |
|---|---|---|
| 1 - 4:00 | (Sat + Sun) | 12 Jul |
| 1 - 2:30 | (Mon – Thurs) | 20 Jul |

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
503472, 0973001453, 0930775232 တွင် ဖွင့်လှစ်မည့်သင်တန်းများ

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 3:30 - 5 | (Mon – Thurs) | 20 Jul |
| 12 - 3:00 | (Sat + Sun) | 26 Jul |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 7:30 - 9 | (Mon – Thurs) | 7 Jul |
| 3:30 - 5 | (Mon – Thurs) | 13 Jul |
| 6 - 7:30 | (Mon – Thurs) | 13,22 Jul |
| 1 - 2:30 | (Mon – Thurs) | 15,29 Jul |
| 10-11:30 | (Mon – Thurs) | 22 Jul |

| BASIC GRAMMAR | | |
|---|---|---|
